ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ သောကြာနေ့။ Friday, 12 September 2025 ၁၁၉၃၈

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်

## ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင် စိုက်ပျိုးခဲ့

နေပြည်တော် စက်တင်ဘာ ၁၁

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသ ရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

**ဦးဆောင်စိုက်ပျိုး**

ယနေ့တွင် ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

**ယနေ့ ဖတ်စရာ**

လွတ်ငြိမ်းချမ်းသာခွင့် ပြု
စာမျက်နှာ » ၂

စားဖိုဆောင်သီးနှံကြက်သွန်နီ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်
ဆောင်းပါး စာမျက်နှာ » ၆

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ
စာမျက်နှာ » ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဆိုင်ရာသတင်းထုတ်ပြန်ရေး အစီအစဉ် ကျင်းပ
စာမျက်နှာ » ၁၀



ထိုင်းနိုင်ငံ၌ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဥပဒေ်များ သတ်မှတ်
စာမျက်နှာ » ၁၃

ကြေးမုံ

# ကောင်းမွန်သည့်အုပ်ချုပ်ရေးတည်ဆောက် ပြည်သူလူထုလူမှုဘဝထောက်ပံ့ကူညီ

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းသာယာဝပြောရေး၊ လူအများစု အထူးသဖြင့် အခြေခံပြည်သူများ၏ လူမှုဘဝအဆင့်အတန်း တိုးတက်ကောင်းမွန်ရေးအတွက် ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ဖြင့် အစိုးရယန္တရားကိုလည်ပတ်ဆောင်ရွက်နိုင်သောအစိုးရသည် ပြည်သူလူထုအတွက် အစိုးရကောင်းတစ်ရပ်ဟု ခေါ်ဆိုရပေမည်။ မြန်မာနိုင်ငံတွင် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ဖြင့် ပြည်သူလူထုအကျိုးကို အဖြစ်နိုင်ဆုံး အကောင်းဆုံး ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသည့် တည်ဆဲအစိုးရအနေဖြင့် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကိုအလေးထား၍စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရေး အလေးထားဆောင်ရွက်နေသလို နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားတိုးတက်ကောင်းမွန်ရေး၊ နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု လူမှုဘဝမြှင့်တင်ပေးနိုင်ရေးကိုလည်း အတတ်နိုင်ဆုံးဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအသီးသီး တိုးတက်ရေးတွင် ငွေကြေးအရင်းအနှီး အမြောက်အမြားအကုန်အကျခံဆောင်ရွက်ပေးလျက်ရှိသည့် အပြင် အခြေခံပြည်သူလူထု လူမှုဘဝလိုအပ်ချက်များကိုလည်း လျစ်လျူရှုမထားဘဲ အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ပြည်သူလူထု၏ လူမှုဘဝကူညီစောင့်ရှောက်မှုပြုရာတွင် နိုင်ငံတော်အတွင်းရှိ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ကြေးငွေများပေးအပ်နေခြင်းတို့ကို တွေ့မြင်နေရသဖြင့် ဝမ်းမြောက်ပီတိဖြစ်မိသည်။

မြို့ရွာများအတွင်း နေထိုင်ကြသောသက်ကြီးပုဂ္ဂိုလ်များအတွက် အထောက်အပံ့တစ်ခုဖြစ်နိုင်စေရေးနှင့် သက်ကြီးရွယ်အိုများအား ရိုသေလေးစားတန်ဖိုးထားသောအားဖြင့် နိုင်ငံတော်အစိုးရက ထောက်ပံ့ကူညီပေးခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အဖြစ် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေးများကို ခြောက်လစာတစုတစည်းတည်း ပေးအပ်ခဲ့သည်ကိုတွေ့ရသည်။ ထောက်ပံ့ကြေးငွေမှာ မများလှသော်လည်း သက်ကြီးရွယ်အိုတစ်ယောက်အတွက် တစ်စုံတစ်ရာအထောက်အကူ ဖြစ်စေနိုင်သည်။ ရပ်ရွာဒေသများ၌ လူတန်းစားအလွှာအမျိုးမျိုးရှိသည့်အနက် ချို့တဲ့နွမ်းပါးသော သက်ကြီးရွယ်အိုဘဝအတွက် အထောက်အပံ့ကောင်းတစ်ခုဟုဆိုရမည်ဖြစ်သည်။

ထို့ပြင် ရပ်ရွာများအတွင်း ရပ်ရွာလူမှုဘဝလိုအပ်ချက်အပေါ်မူတည်ပြီး မွန်မြတ်သောစေတနာကို အရင်းခံ၍ တည်ထောင်ဖွင့်လှစ်ဆောင်ရွက်နေကြသော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများ၊ အမျိုးသမီးစောင့်ရှောက်ရေးဂေဟာများ၊ မသန်စွမ်းသူစောင့်ရှောက်ရေးဂေဟာများနှင့် ဘိုးဘွားရိပ်သာများအတွက် နိုင်ငံတော်အနေဖြင့် ထောက်ပံ့ပေးခြင်းအစီအစဉ်များကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ဂေဟာများ၊ ရိပ်သာများအနေဖြင့် အချို့ဂေဟာရိပ်သာများမှာ ပြည့်စုံဖူလုံမှုရှိသော်လည်း အချို့ဂေဟာရိပ်သာများမှာ လိုအပ်ချက်များရှိသဖြင့် နိုင်ငံတော်က ထောက်ပံ့ပေးမှုကို ဘဏ္ဍာရေးစည်းမျဉ်းများ၊ စံလုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်က ထောက်ပံ့မှုတွင် သာဓကအားဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်သော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၁၁ ခု၊ အမျိုးသမီးဂေဟာ သုံးခုနှင့် ဘိုးဘွားရိပ်သာသုံးခု စုစုပေါင်းဂေဟာ၊ ရိပ်သာ ၁၇ ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၆၀ တို့အတွက် ထောက်ပံ့ကြေးငွေကျပ် ၂၉၇ ဒသမ ၆၈၇ သန်း၊ တိုက်ပွဲရှောင်ပြည်သူ ၁၁၀၃၆ ဦးအတွက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၆၆၂ ဒသမ ၁၆၀ သန်းနှင့် အသက် ၈၅ နှစ်အထက် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရရှိသူ သက်ကြီးပုဂ္ဂိုလ် ၄၇၅၉ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေးငွေကျပ် ၂၈၄ ဒသမ ၄၀၀ သန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

သို့ဖြစ်ရာ ရပ်ရွာဒေသများရှိ အခြေခံပြည်သူလူထုအတွက် လိုအပ်ချက်များဖြစ်သည့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ အမျိုးသမီးဂေဟာ၊ ဘိုးဘွားရိပ်သာ၊ အသက် ၈၅ နှစ်အထက် သက်ကြီးရွယ်အိုများနှင့်တိုက်ပွဲရှောင်ပြည်သူများအား နိုင်ငံတော်အစိုးရအနေဖြင့် လူမှုရေးအကူအညီ ထောက်ပံ့မှုကို အတတ်နိုင်ဆုံးကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြင့် ဆောင်ရွက်နေသည့် လူမှုဘဝနှင့်သက်ဆိုင်သော ဆောင်ရွက်ချက်များဟု ဆိုရမည်ဖြစ်ပါကြောင်း။ ။

## လွတ်ငြိမ်းချမ်းသာခွင့် ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ်၊ ၇ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

**လွတ်ငြိမ်းချမ်းသာခွင့်အမိန့်**

ယာယီသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(ခ)တွင် ပြဋ္ဌာန်းထားသည့် အခွင့်အာဏာကို ကျင့်သုံးလျက် စစ်တွေခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ်၊ ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ ပုဒ်မခွဲ(ခ)နှင့် ရာဇဝတ်ကြီးအမှုအမှတ်၊ ၃/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၂၊ ပုဒ်မခွဲ(၁)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ ပြန်လည်လွတ်မြောက်လာခဲ့သည့် ဒေါက်တာအေးမောင်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏ဦးတည်ချက်များကို အစဉ်တစိုက် မမိုတ်မသုန် စွဲမြဲစွာ ခံယူစောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ပြုကာ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုမှုအရ ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်ထားသည့် ပြစ်မှုနှင့် ပြစ်ဒဏ်များအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်သည်။

ပုံ

**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

## ပဲခူးခရိုင်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပဲခူး စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပဲခူးခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို ပြည်သူလူထုအကြား မျှဝေပေးရန် အသိပညာပေး ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခင်ဆုမွန်က အိုဇုန်းလွှာပျက်စီးပါကဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးသက်ရောက်မှုများနှင့် အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးနည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ၁၁ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၇၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၃၀၀ | ၁,၃၂၄ | ၉,၉၁၀,၀၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၂၂၃ | ၇၀၂,၄၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၂၆ | ၁၉၂,၄၀၀ |
| FPB | ၂,၀၀၀ | ၁,၉၅၀ | ၂,၀၉၄ | ၄,၀၈၆,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၅၀ | ၈၄၅ | ၂,၂၃၁,၀၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၁,၇၇၈ | ၃,၂၆၉,၃၀၀ |
| AMATA | ၃,၂၅၀ | ၃,၃၀၀ | ၇၅ | ၂၄၆,၀၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၀ | ၀ |
| MADPL(PLB) | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



○ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိုးရာသီကာလသို့ ရောက်ရှိလာပြီဆိုပါက မြေဆီမြေနှစ်များ နိုးကြားပြီး ထိုအချိန်တွင် တပ်မတော်အနေဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြုလုပ်၍ သစ်ပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးခဲ့ကြောင်း၊ ယခုပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် ယခုနှစ်အတွက် တတိယအကြိမ် စိုက်ပျိုးသည့်ပွဲဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၏ အဓိကရည်ရွယ်ချက်မှာ သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်ကြောင်း၊ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးလစ်ဟာသွားသည့် သစ်ပင်သစ်တောများ ပြန်လည်အစားထိုးဖြည့်သွင်းစိုက်ပျိုးခြင်းလည်းဖြစ်ကြောင်း။

သစ်တောသစ်ပင် မျိုးနွယ်စိတ်များသည် လူနှင့် သတ္တဝါများအတွက် အသက်ရှင်သန်ရန် နေ့စဉ်စားသုံးနေရသည့် အစာကွင်းဆက်တွင် အဓိကအကျဆုံး မူလအရင်းအမြစ်လည်းဖြစ်ကြောင်း၊ ထို့ပြင် သက်ရှိသတ္တဝါများအားလုံး အသက်ရှင်နေထိုင်နိုင်ရန်အတွက် အပြန်အလှန် သက်ရောက်မှီခိုနေရသည့် သဘာဝဂေဟစနစ် ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် အဓိကမောင်းနှင်အား အရင်းအမြစ်လည်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဆုံးရှုံးလစ်ဟာသွားသည့် သစ်တောသစ်ပင်များ အမြန်ဆုံးကုစားစိုက်ပျိုးခြင်းသည် လူသားတိုင်းကိုယ်စီပြုမူသင့်သည့် အလေ့အထကောင်းတစ်ခုဖြစ်ကြောင်း။

သစ်ပင်သစ်တောများအား အကြောင်းအမျိုးမျိုးကြောင့် ခုတ်ယူခြင်းများရှိသဖြင့် သစ်တောသစ်ပင်များ နည်းပါးလာပြီး ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုများကြောင့် ရာသီဥတုများ စံချိန်တင်ပူပြင်းခြင်း၊ မုန်တိုင်းများ ဖြစ်ပွားမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းများကို ကမ္ဘာပေါ်ရှိလူသားများ ခံစားနေရကြောင်း၊ လူသားများ၏ လုပ်ဆောင်မှုများကြောင့် ရာသီဥတုများ ပြောင်းလဲလာခြင်းဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခု ဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးခြင်းအလေ့အထသည် မြန်မာလူမှုပတ်ဝန်းကျင်တွင် **“တစ်သက်ပျော်ချင် သစ်ပင်စိုက်”**ဆိုသည့် အဆိုအမိန့်စကားတစ်ရပ်ရှိကြောင်း၊ အဓိကအားဖြင့် သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”**၊ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”**၊ **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”**ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ နိုင်ငံတော်သာယာရန်အတွက် လူတိုင်းလိုလားကြကြောင်း၊ မိမိတို့အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်သည့် ၂၀၁၁ ခုနှစ်မှစတင်၍ သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြီး သစ်ပင်များကို စိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးခဲ့မှုများကြောင့် ယခုအခါ ရေဆင်းဆည်ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်လျက်ရှိခြင်းဖြစ်ကြောင်း၊ ယခင်က တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားအရာရှိကြီးများအနေဖြင့်လည်း နေပြည်တော်သို့ရောက်ရှိချိန်တွင် ၎င်းတို့ ယခင်က စိုက်ပျိုးခဲ့သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကို ကြည့်ရှု၍ စိတ်ကြည်နူးချမ်းမြေ့ရသည်ကို မိမိကို ပြောကြားကြကြောင်း၊ ယခုစိုက်ပျိုးသည့် သစ်ပင်များသည်လည်း နောင်အခါတွင် ရှင်သန်ဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင်ကို ယခုထက်ပိုမို စိမ်းလန်းစိုပြည်စေကာ မိမိတို့အတွက် အမှတ်တရဖြစ်စေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အိမ်တိုင်း၊ လမ်းတိုင်း၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးရန် မိမိအနေဖြင့် အမြဲတိုက်တွန်း ပြောကြားလျက်ရှိကြောင်း။

ယခုအခါ စိမ်းလန်းစိုပြည်သာယာမှုများမှာ အထိုက်အသင့်ရှိလာပြီဖြစ်ကြောင်း၊ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့၏ ဆောင်ရွက်မှုများသည် သားစဉ်မြေးဆက်အထိ အကျိုးခံစားရမည်ဖြစ်**ကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် အချိန်၊ ငွေကြေးနှင့် လူအင်အားများ စိုက်ထုတ်သုံးစွဲရသဖြင့် တာဝန်အရ စိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ စေတနာထား၍ စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့စိုက်ပျိုးခဲ့သည့် သစ်ပင်များအား တစ်ပင်စိုက်တစ်ပင်ရှင် ဖြစ်စေရန်အတွက် စနစ်တကျစိုက်ပျိုးရန်နှင့် ရှင်သန်ဖြစ်ထွန်းရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့်သူများကလည်း အထူးအလေးအနက်ထား၍ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

စာမျက်နှာ ၄ သို့ »»



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

☆ **သစ်ပင်သစ်တောများအား အကြောင်းအမျိုးမျိုးကြောင့် ခုတ်ယူခြင်းများရှိသဖြင့် သစ်တောသစ်ပင်များ နည်းပါးလာပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများကြောင့် ရာသီဥတုများ စံချိန်တင်ပူပြင်းခြင်း၊ မုန်တိုင်းများ ဖြစ်ပွားမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းများကို ကမ္ဘာပေါ်ရှိ လူသားများ ခံစားနေရ**

☆ **လူသားများ၏ လုပ်ဆောင်မှုများကြောင့် ရာသီဥတုများ ပြောင်းလဲလာခြင်း ဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ကြရန်လို**

☆ **ထို့ကြောင့် သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခုဖြစ်**

»»» စာမျက်နှာ ၃ မှ

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ နှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

**၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည် ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည် သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ တတိယ အကြိမ်သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၉၀၀၊ ပျဉ်းကတိုးပင် ၆၀၀၊ ပိတောက်ပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀ စုစုပေါင်းပျိုးပင် ၂၄၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည် ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၄ ကြိမ် ကျင်းပပြုလုပ်၍ ရတနာ တန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီး ဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၈၆၃၁၂ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌ လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာ တန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံး သီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုး ကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၁၁၃၅၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၆၃၉၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၀၀၉ ပင်၊ အရှေ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၈၇၉၅ ပင်၊ တြိဂံ ဒေသတိုင်းစစ်ဌာနချုပ်၌ ၂၁၅၉၄ ပင်၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ်၌ ၁၀၀၄၇ ပင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၌ ၁၅၈၈၁ ပင်၊ ရန်ကုန်တိုင်းစစ် ဌာနချုပ်၌ ၁၈၂၀၀၊ အနောက်တောင်တိုင်းစစ် ဌာနချုပ်၌ ၆၁၄၅ ပင်၊ အနောက်မြောက်တိုင်းစစ် ဌာနချုပ်၌ ၂၀၂၇၆ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ်၌ ၂၉၂၁၄ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၇၀၁၁ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော် အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင်၊ တိုင်းစစ်ဌာနချုပ် အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်း သစ်ပင် ၁၈၆၃၁၂ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။





တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီဒုတိယဥက္ကဋ္ဌ(၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူနှင့် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ မသန်စွမ်းကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားကော်မတီဥက္ကဋ္ဌက မြန်မာနိုင်ငံသည် မသန်စွမ်းသူများ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်ရစေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားကော်မတီသည် မသန်စွမ်းသူများအားလုံး အကျုံးဝင်ပါဝင်နိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ထောင်ရေးအတွက် ကြီးကြပ်ပံ့ပိုးကူညီမှုများဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်အုပ်စုဝင်များသည် သဘာဝဘေးအပါအဝင် အရေးပေါ်အခြေအနေတစ်ရပ်ရပ်ကြုံတွေ့ရပါက ပိုမိုထိခိုက်ခံစားနိုင်ရသူများဖြစ်၍ မသန်စွမ်းသူများအရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း တန်းတူညီမျှပါဝင်ခွင့်ရရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်ကို အလေးထားပြီး ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထကောင်းများဖြစ်ပေါ်လာရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် မသန်စွမ်းသူများ အများနည်းတူ ဆန္ဒမဲပေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပံ့ပိုးစေလိုကြောင်း၊




မသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေး၊ မသန်စွမ်းမှတ်ပုံတင်ရရှိစေရေး စသည့်အရေးကြီးကိစ္စများအတွက်လည်း ဝန်ကြီးဌာနအသီးသီးက ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အလုပ်ခန့်အပ်ရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝေပုံကျနှုန်းထားသတ်မှတ် အလုပ်ခန့်အပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၁၂ ရာခိုင်နှုန်းခန့်မှာ မသန်စွမ်းသူများဖြစ်ကြောင်း၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် မသန်စွမ်းများပူးပေါင်းပါဝင်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ မူဝါဒများရေးဆွဲချမှတ်ရာတွင် မသန်စွမ်းမှုဆိုင်ရာ အချက်အလက်များ တိကျမှန်ကန်စေရေးအတွက် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် အခက်အခဲကြုံတွေ့ရသည့် ဘေးသင့်ဒေသများမှ မသန်စွမ်းသူများအား မြန်မာနိုင်ငံမသန်စွမ်းသူများအသင်း ချုပ်မှ စိစစ်တင်ပြပေးမှုအရ လတ်တလောသက်သာချောင်ချိစေရေး ပံ့ပိုးကူညီမှုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မသန်စွမ်းသူများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးကူညီခြင်း၊ မသန်စွမ်းသူများအတွက် အခြေခံအခွင့်အရေးများဖြစ်သည့် အထူးပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ သဘာဝဘေးကြုံတွေ့ချိန်တွင် ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေးတို့အား စနစ်တကျ ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မသန်စွမ်းကိုယ်စားလှယ်များက ကဏ္ဍအလိုက် မသန်စွမ်းသူများအခွင့်အရေးအတွက် ဆောင်ရွက်နေမှု၊ တွေ့ကြုံနေရသော အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေးကြကာ အမျိုးသားကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ် Grand Ball Room ၌ ကျင်းပသည်။

NCA လက်မှတ်ရေးထိုးပြီးချိန်မှစ၍ NCA အထိမ်းအမှတ် နှစ်ပတ်လည်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ လာမည့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားအား နေပြည်တော်၌ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ခမ်းနားစွာ ကျင်းပမည်ဖြစ်ပြီး တစ်ဆက်တည်း NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပရန် စီမံဆောင်ရွက်လျက်ရှိသည်။

**တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။




NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အမှာစကားပြောကြားစဉ်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် NCA သည် ငြိမ်းချမ်းရေးအတွက် အရေးကြီးကြောင်း၊ NCA နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲတို့၌ NCA တွင် ပါဝင်ခဲ့ကြသူများ၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ခဲ့ကြသည့် Stakeholders များ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် ကဏ္ဍအသီးသီးမှ တက်ရောက်လာကြသူများ အနေဖြင့် NCA ၏ ၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည် ဖော်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများအပေါ် အချင်းချင်း အမြင်သဘောထားများ၊ အတွေ့အကြုံများ မျှဝေဖလှယ်ပြီး အလွတ်သဘောကျယ်ပြန့်စွာ ဆွေးနွေးနိုင်ရန် အခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း၊ NCA(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားအား အသွင်သဏ္ဍာန်နှင့် အနှစ်သာရရှိရှိ ကျင်းပနိုင်ရေး၊ အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီများဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များအပေါ် လိုအပ်သည်များ ဖြည့်စွက် ဆွေးနွေးပေးနိုင်ရေး ကိစ္စများ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသား နယ်မြေများတွင် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမှု လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပြခန်းများတွင် ပါဝင်ခင်းကျင်းပြသနိုင်ရေး ကိစ္စများအား ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လူငယ်နှင့် ငြိမ်းချမ်းရေးကဏ္ဍ အရေးပါမှုအခြေအနေ၊ လက်ရှိနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုနှင့် NCA အခမ်းအနား၏ အရေးပါမှု အခြေအနေနှင့် အခမ်းအနားကျင်းပရေးနှင့်ပတ်သက်၍ လိုအပ်ချက်များအား ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲ ဆောင်ပုဒ်အဖြစ် **“NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကို ပုံဖော်မည်”**ဟု သတ်မှတ်ထားပြီး **“မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန် အတွက် ဆက်လက် ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဖော်ထုတ်ခြင်း”** Theme ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စားဖိုဆောင်သီးနှံကြက်သွန်နီ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်

ဒေါက်တာတင်မာမာဦး (DOA)

ကြက်သွန်နီကို ကမ္ဘာတစ်ဝန်းလုံးတွင် စားသုံးသောစားဖိုဆောင်ဟင်းသီးဟင်းရွက် အုပ်စုအဖြစ် သတ်မှတ်ထားပြီး အဓိကအားဖြင့် အစားအစာနှင့် အချက်အပြုတ်ပြင်ဆင်မှုများတွင် အသုံးပြုသည်။ ကြက်သွန်နီသည် လူတိုင်းနေ့စဉ်စားသုံးနေသော အစားအစာတို့တွင် မပါမပြီး အလွန်အရေးပါသော စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည်။ ကြက်သွန်နီသည် အာဟာရတန်ဖိုးကြွယ်ဝပြီး စွမ်းအင်ကိုဖြစ်စေသော အစာတစ်မျိုးဖြစ်သည်။ ဟင်းလျာများကို အနံ့အရသာကောင်းမွန်စေရုံသာမက စားသုံးသူတို့၏ ကျန်းမာရေးကိုလည်း အထောက်အကူဖြစ်စေပါသည်။

ကြက်သွန်နီ၏ မူရင်းဒေသမှာ အိန္ဒိယနိုင်ငံမြောက်ပိုင်း၊ အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါလက်စတိုင်းနိုင်ငံတို့ဖြစ်သည်။ ကြက်သွန်နီကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင်ပါ တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသည်။

### စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံး

ကြက်သွန်နီကို ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်းကောင်း၊ ဟင်းအနှစ်အဖြစ်လည်းကောင်း စားသုံးကြသကဲ့သို့ ကြက်သွန်ကြော်အဖြစ်လည်း စားသုံးကြသည်။ မြန်မာကြက်သွန်နီသည် ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်သည့် သီးနှံတစ်မျိုးဖြစ်ပြီး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံး၍ ပန်းတိုင်အထွက်နှုန်းရရန် စနစ်တကျ စိုက်ပျိုးဆောင်ရွက်နိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံစေပြီး ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရန် ဝင်ငွေတိုးတက်ရရှိနိုင်သည့် ဈေးကွက်ရှိသော သီးနှံတစ်မျိုးဖြစ်သည်။

မြန်မာနိုင်ငံတွင် ကြက်သွန်နီကို မြေလတ်ဒေသများဖြစ်သည့် ပခုက္ကူ၊ ဆိပ်ဖြူ၊ ဆင်ဖြူကျွန်း၊ စလင်း၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ တောင်တွင်းကြီး၊ မြင်းခြံ၊ တောင်သာ၊ မြစ်သား၊ ကျောက်ဆည်၊ မုံရွာနှင့် စစ်ကိုင်း စသည့်ဒေသများတွင် စီးပွားဖြစ်စိုက်ပျိုးကြသည်။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မှ ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

ကြက်သွန်နီသည် ရေကြိုက်သောသီးနှံဖြစ်ပြီး အစိုဓာတ်ရှိသော မြေလွှာအတော်များများတွင် စိုက်ပျိုးနိုင်သည်။ မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်သော်လည်း အလွန်ချဉ်သောမြေကို မနှစ်သက်ခြင်းကြောင့် အောက်မြန်မာပြည်တွင် စိုက်ပျိုးမှုနည်းသည်။ မြေဩဇာကောင်းမွန်ထက်သန်သော နုန်းမြေများတွင် ပိုမိုဖြစ်ထွန်းသည်။ ကြက်သွန်နီစိုက်ပျိုးရန် အကောင်းဆုံးမြေချဉ်ငန်ကိန်းမှာ ခြောက်မှ ခုနစ်ဖြစ်သည်။ ကြက်သွန်နီသည် အပူအအေးသင့်တင့်သော ရာသီဥတုကို ကြိုက်နှစ်သက်သည်။ အပင်ကြီးထွားချိန်တွင် ၂၀ ဒီဂရီစင်တီဂရိတ်မှ ၂၁ ဒီဂရီစင်တီဂရိတ်နှင့် ကြက်သွန်ဥဖြစ်ပေါ်ချိန်တွင် ၂၀ ဒီဂရီစင်တီဂရိတ်မှ ၂၇ ဒီဂရီစင်တီဂရိတ် ရရှိရန် လိုအပ်ပြီး သာမန်အားဖြင့် အပူချိန်အသင့်အတင့်ဖြစ်နေပြီး နေ့တာရှည်က ဥဖြစ်ပေါ်မှုကို အားပေးသည်။

မြန်မာနိုင်ငံတွင်စိုက်ပျိုးသော ကြက်သွန်နီမျိုးများမှာ ရွှေဖလားမျိုး၊ ဘောင်စောက်မျိုး၊ မင်းတုန်းဥမြွာမျိုးဟူ၍ရှိသည့်အနက် ရွှေဖလားမျိုးကို အဓိကစိုက်ပျိုးကြသည်။ ကြက်သွန်နီစိုက်ပျိုးရာတွင် အစေ့ကို တိုက်ရိုက်စိုက်ပျိုးနိုင်သော်လည်း ကုန်ကျစရိတ်များသောကြောင့် ပျိုးထောင်၍ စိုက်ပျိုးကြသည်။

ကြက်သွန်နီတစ်ဧက စိုက်ပျိုးရန်အတွက် ပျိုးခင်း သုည ဒသမ ၀၅ ဧက ရှိရန် လိုအပ်သည်။ တစ်ဧကအတွက် ပျိုးထောင်ရန် မျိုးစေ့ နှစ်ပြည်မှ လေးပြည်ခန့် လိုအပ်သည်။ ကြက်သွန်နီကို မြေပြန့်ဒေသများတွင် အောက်တိုဘာလမှ နိုဝင်ဘာလအထိပျိုးထောင်၍ ဒီဇင်ဘာလနှင့် ဇန်နဝါရီလဆန်းပိုင်းတွင် စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးကြသည်။ စိုက်ပျိုးစနစ်ပေါ်မူတည်၍ တစ်ဧကလျှင် ပျိုးပင်ပေါက် ငါးသိန်းမှ ခုနစ်သိန်းအထိ စိုက်ပျိုးနိုင်သည်။ မြစ်ရေကျဆင်းချိန် ကျွန်းများနှင့် သဲသောင်ပြင်များတွင်လည်း စိုက်ပျိုးနိုင်သည်။ တောင်ပေါ်ဒေသများတွင် မတ်လနှင့် ဇွန်လအထိ ပျိုးထောင်ကြသည်။

ကြက်သွန်နီပျိုးထောင်ရာတွင် ပျိုးမထောင်မီ မျိုးစေ့များကို မျိုးစေ့လူးနယ်ဆေးဖြင့် လူးနယ်၍ အရိပ်အောက်တွင် ၁၀ မိနစ်ခန့် အခြောက်ခံပြီးမှ ပျိုးထောင်ရပါမည်။ ထိုသို့ ပြုလုပ်ခြင်းကြောင့် အပင်ပေါက်နှုန်းကောင်းမွန်ပြီး အပင်ကြီးထွားသန်မာတုတ်ခိုင်ကာ စုပ်စားပိုးများ၊ မြေအောင်းပိုးများ၊ ပင်ဖျက်ပိုးများနှင့် ခါးရိရောဂါများကို ကြိုတင်ကာကွယ်နိုင်သည်။

### ပေါင်ဖော်စိုက်ပျိုးခြင်းနှင့် ကန်သင်းဖော်စိုက်ပျိုးခြင်း

ကြက်သွန်နီကို ပေါင်ဖော်စိုက်ပျိုးခြင်းနှင့် ကန်သင်းဖော်စိုက်ပျိုးခြင်းဟူ၍ နည်းလမ်းနှစ်မျိုးရှိသည်။ ပေါင်ဖော်စိုက်ပျိုးရာတွင် မြေမျက်နှာပြင်အနိမ့်၊ အမြင့်ပေါ်မူတည်၍ ညီညာသော အပိုင်းများအလိုက် ပေါင်ဖော်ပေးရပါမည်။ ပေါင်ဖော်ရာတွင် ရေသွင်းရန်အတွက် သုံးပေ၊ လေးပေခြားမြောင်းများဖော်ပေးခြင်းဖြင့် ရေသွင်းရန်လွယ်ကူပြီး အကွက်ထဲသို့ ရေရောက်ရှိမည်ဖြစ်ပါသည်။ ပျိုးပင်များကို တစ်ပင်နှင့်တစ်ပင် တစ်တန်းနှင့်တစ်တန်း လေး၊ ငါး လက်မ ခန့်ခွာ၍ စိုက်ပျိုးရပါမည်။ ပြီးနောက် ပေါင်နှင့်ညီအောင် ရေသွင်းပေးရပါမည်။

ကန်သင်းဖော် စိုက်ပျိုးနည်းမှာ ဆည်ရေရရှိသော ဒေသများတွင်သာ စိုက်ပျိုးကြပြီး ပေါင်းရှင်းရာတွင် အပင်များကို ထိခိုက်မှုမရှိစေရန် ကန်သင်းပေါ်မှနေ၍ ပေါင်းရှင်းနိုင်ရန်အတွက် လေး၊ ငါး ပေထက်မကျယ်သော အကွက်များကို ဖော်ပေးရပါမည်။ ပျိုးပင်များ ရက်သတ္တ လေး၊ ငါး၊ ခြောက်ပတ်သားအရွယ်တွင် စိုက်ပျိုးမြေနေရာသို့ ပြောင်းရွှေ့စိုက်ပျိုးနိုင်သည်။ ပင်ကြား၊ တန်းကြား အကွာအဝေးမှာ ၃ လက်မ x ၄ လက်မ စိုက်ပျိုးပြီး တစ်ဧကအပင်ရေ နှစ်သိန်းခွဲမှ သုံးသိန်းဝင်အောင် စိုက်ပျိုးရမည်။ မြေအခြေအနေပေါ်မူတည်၍ မြေဩဇာအသုံးပြုမှုကွာခြားသည်။ သဲမြေတွင် နွားချေး ပိုသုံးရမည်။

**နိုင်ငံတော်အနေဖြင့် ကြက်သွန်နီသီးနှံ၏ ပန်းတိုင်အထွက်နှုန်းကို တစ်ဧကလျှင် ပိဿာ ၅၀၀၀ ရရှိရေးသတ်မှတ်ထားပါသည်။ ပန်းတိုင်အထွက်နှုန်းရရှိရန် ထည့်သွင်းပေးရမည့် မြေဩဇာနှုန်းထားများအနေဖြင့် တစ်ဧကလျှင် သဘာဝမြေဩဇာ ၁၀ တန်၊ ယူရီးယား ၅၀ ကီလိုဂရမ် နှစ်အိတ်၊ တီစူပါ ၅၀ ကီလိုဂရမ် နှစ်အိတ်၊ ပိုတက်ရှ် ၅၀ ကီလိုဂရမ် တစ်အိတ် အသုံးပြုရန်လိုအပ်သည်။** ယူရီးယားမှလွဲ၍ ကျန်မြေဩဇာများကို မြေပြင်ချိန်တွင် ထည့်သွင်းရန်လိုအပ်ပြီး ယူရီးယားဓာတ်မြေဩဇာကို ပျိုးပင်များပြောင်းစိုက်ချိန်တွင် တစ်ဝက်နှင့် ကျန်တစ်ဝက်ကို စိုက်ပြီးတစ်လအကြာတွင် ထည့်ပေးရမည်။

ကြက်သွန်ခင်းသည် မစိုလွန်း၊ မခြောက်လွန်းသောအခြေအနေတွင် အမြဲရှိရန် လိုအပ်သည်။ ရေသွင်းချိန် ရောက်၊ မရောက်ကို ကြက်သွန်ပင်များ၏ အခြေအနေကိုကြည့်၍ အကဲခတ်ရမည်။ သာမန်အားဖြင့် တစ်ပတ်လျှင် တစ်ကြိမ်ရေပေးရသည်။ ရာသီဥတုပူပြင်းပါက လေး၊ ငါး ရက်ခြား တစ်ကြိမ်ခန့် ရေပေးသွင်းရန်လိုသည်။ အရွက်များစတင်ကျလာချိန်တွင် ရေသွင်းခြင်းကို ရပ်လိုက်ပြီး ကြက်သွန်မြိတ်များကို စုစည်းချည်နှောင်ပေးခြင်း၊ ဆံမြိတ်ထုံးပေးခြင်းတို့ ပြုလုပ်ရမည်။ ကြက်သွန်မတူးမီ ရေကို ၁၀ ရက် ကြိုဖြတ်ထားရမည်။

ကြက်သွန်နီအပင်စိုက်ပြီး ရက်ပေါင်း ၈၀ မှ ၁၇၀ အတွင်း တူးဖော်နိုင်သည်။ ကြက်သွန်အရွက်အမြိတ်၏ ၁၅-၂၅ ရာခိုင်နှုန်းခြောက်လာလျှင် လက်ဖြင့်ဆွဲနုတ်ရိတ်သိမ်းနိုင်သည်။ ကြက်သွန်ဥနုတ်ပြီးသည်နှင့် အရွက်ကို တစ်လက်မချန်ပြီးဖြတ်ရမည်။

စာမျက်နှာ ၇ သို့ ○












ကြက်သွန်နီ တန်ဖိုးမြှင့်ထုတ်ကုန်များ။

> နိုင်ငံတော်အနေဖြင့် ကြက်သွန်နီသီးနှံ၏ ပန်းတိုင်အထွက်နှုန်းကို တစ်ဧကလျှင် ပိဿာ ၅၀၀၀ ရရှိရေး သတ်မှတ်ထားပါသည်။ ပန်းတိုင်အထွက်နှုန်းရရှိရန် ထည့်သွင်းပေးရမည့် မြေဩဇာနှုန်းထားများအနေဖြင့် တစ်ဧကလျှင် သဘာဝမြေဩဇာ ၁၀ တန်၊ ယူရီးယား ၅၀ ကီလိုဂရမ် နှစ်အိတ်၊ တီစူပါ ၅၀ ကီလိုဂရမ် နှစ်အိတ်၊ ပိုတက်ရှ် ၅၀ ကီလိုဂရမ် တစ်အိတ် အသုံးပြုရန် လိုအပ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် (၂၅) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြပွဲကျင်းပရေး ကော်မတီ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှမန်မြို့၌ကျင်းပသည့် (၂၅)ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲ (The 25th China International Fair for Investment and Trade–CIFIT) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

စက်တင်ဘာ ၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူကျင့်ပြည်နယ် ခေါင်းဆောင်များနှင့် ဂျီးမေးလ်ခရိုင်မှူးတို့က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ပါဝင်တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။






စက်တင်ဘာ ၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် (၂၅) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲသို့ တက်ရောက်သည်။

ထို့နောက် (၅)ကြိမ်မြောက် ဒေသတွင်း ဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အခမ်းအနားသို့ တရုတ်၊ လာအို၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယားနှင့် မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် RCEP တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် အကျိုးသက်ရောက်မှုများ၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro–based industry) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်အစီအမံများ၊ ဒေသတွင်းစီးပွားရေး အခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များ၊ RCEP အဖွဲ့ဝင် နိုင်ငံများ၏ ဖွံ့ဖြိုးမှုအဆင့်အတန်း ကွာဟသည့်အတွက် အကျိုးကျေးဇူးများ မျှတမှုရှိစေရန် ဆောင်ရွက်နိုင်မှု နည်းလမ်းများနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

စက်တင်ဘာ ၉ ရက်တွင် ရှမန်နှလုံးသွေးကြောရောဂါကုဆေးရုံ၊ ရှမန်တက္ကသိုလ်သို့ သွားရောက်လေ့လာခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရှမန် နှလုံးသွေးကြောရောဂါကုဆေးရုံ၊ ရှမန်တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုင်ငံတကာမှ လာရောက်ပြသထားသော ပြခန်းများရှိ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ၊ နည်းပညာသစ်များနှင့် စီးပွားရေးကဏ္ဍ အမျိုးမျိုးကို သွားရောက်လေ့လာခဲ့ကြသည့်အပြင် ခရီးစဉ်အတွင်း ရှမန်မြို့ရှိ ICT နည်းပညာဆိုင်ရာ Software Park သို့ သွားရောက်လေ့လာခြင်း၊ ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ဆွဲဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တရုတ် နိုင်ငံတကာဝန်ဆောင်မှု ကူးသန်းရောင်းဝယ်ရေးပြပွဲ တရုတ်နိုင်ငံ မြို့တော် ပေကျင်း၌ ကျင်းပ

**ပေကျင်း စက်တင်ဘာ ၁၁**

၂၀၂၅ခုနှစ် တရုတ်–နိုင်ငံတကာ ဝန်ဆောင်မှု ကူးသန်းရောင်းဝယ်ရေးပြပွဲ (China International Fairfor Trade in Services– CIFTIS) ကို စက်တင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Shaunang ပန်းခြံ၌ ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် နိုင်ငံတကာအဖွဲ့အစည်း ၇၀ ကျော်မှ ပြပွဲများနှင့် တရုတ်နိုင်ငံအတွင်း ကုမ္ပဏီရာနှင့်ချီတို့က ထုတ်ကုန်အသစ်များနှင့် တီထွင်ဖန်တီးမှု ၂၀၀ နီးပါးကို တင်ဆက်ပြသထားသည်။

ယခုနှစ်တွင် ကမ္ဘာ့ဝန်ဆောင်မှု ကုန်သွယ်မှုဆိုင်ရာထိပ်သီးညီလာခံများ၊ ပြပွဲများ၊ ဖိုရမ်များစသည်ဖြင့် လှုပ်ရှားမှုများ ထည့်သွင်းထားသည်။ ဆက်သွယ်ရေးဝန်ဆောင်မှု၊ ဒစ်ဂျစ်တယ်နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ၊ နက်ဝေ့ခ်နည်းပညာ၊ စက်ရုပ်တီထွင်မှုနှင့် စက်မှုလုပ်ငန်းသုံးစက်ကိရိယာ၊ အပြည်ပြည်ဆိုင်ရာ စွန့်ဦးတီထွင်မှုများကို အများဆုံး မြင်တွေ့ရသည်။ ထို့အပြင် ကဏ္ဍအလိုက် တီထွင်ဆန်းသစ်မှုများဖြစ်သည့် ဆောက်လုပ်ရေးကဏ္ဍတွင် ဉာဏ်ရည်တုစက်မှုနည်းပညာ အသုံးချခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် စုပေါင်းအဆောက်အအုံများ တည်ဆောက်ခြင်းဆိုင်ရာ၊ မြို့ပြတည်ဆောက်ရေး စီမံကိန်းစသည်တို့ကို တရုတ်နှင့် နိုင်ငံတကာ ဆောက်လုပ်ရေး လုပ်ငန်းများက ဆန်းသစ် ဖော်ထုတ်ထားသည့် ပြခန်းများ ပါဝင်သည်။

ထို့အတူ ငွေကြေးနှင့် ဘဏ္ဍာလုပ်ငန်းဝန်ဆောင်မှု ပြခန်းများ၌ ဘဏ္ဍာလုပ်ငန်းဆိုင်ရာ နည်းပညာ၊ လူထုအကျိုးစီးပွား စောင့်ရှောက်ခြင်းစီမံကိန်းများ၊ ဒစ်ဂျစ်တယ် ဘဏ္ဍာစနစ်များကို အဓိကပြသထားသကဲ့သို့ ယဉ်ကျေးမှုပြခန်းများ၌ နိုင်ငံတကာယဉ်ကျေးမှု စင်တာများ တည်ဆောက်ခြင်းဆိုင်ရာစီမံကိန်းများကို မြင်တွေ့ရသည်။ ပြပွဲ၌ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း မြင်တွေ့ရပြီး တရုတ်နှင့် နိုင်ငံတကာ တက္ကသိုလ်များ၏ နည်းပညာနှင့် သုတေသန အောင်မြင်မှုများ၊ သက်မွေး ပညာကျောင်းများ ပေါင်းစပ်ဖွံ့ဖြိုးနိုင်မှုနည်းလမ်းများနှင့် ပညာရေးအခွင့်အလမ်းအချို့ ထုတ်ဖော်ပြသထားသည်။ ကျန်းမာရေး၊ အားကစားနှင့် သယ်ယူပို့ဆောင်ရေး၊ စီးပွားရေး၊ လူထုအကျိုးပြု လုပ်ငန်းများအပြင် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုလက်ရာများ ဖော်ထုတ်ခြင်းစသည့် ဝန်ဆောင်မှု ပြခန်းများစွာကိုလည်း ပြသထားသည်။



ပြပွဲရက်များအတွင်း နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ချိတ်ဆက်၍ တရုတ်နိုင်ငံမှ စီးပွားရေး မဟာဗျူဟာများကို ပေါင်းစပ်ကာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့နိုင်ရေး ဆန္ဒရှိကြောင်း၊ တရုတ်နိုင်ငံမှပြည်နယ် မြို့တော်များနှင့် ဟောင်ကောင်၊ မကာအို၊ တရုတ်(တိုင်ပေ)တို့မှ လုပ်ငန်းရှင်များလည်း ပူးပေါင်းပါဝင်ကြကြောင်း ဟောင်ကောင်တိုးတက်မှု ပြခန်းတာဝန်ရှိသူက ပြောသည်။

အဆိုပါပြပွဲကို ၂၀၁၂ ခုနှစ်တွင် ပထမအကြိမ် ကျင်းပခဲ့ပြီး ယခုအချိန်အထိ နိုင်ငံပေါင်း ၁၉၈ နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းများနှင့် လုပ်ငန်းရှင် ၁ ဒသမ ၁၉ သန်းခန့်ကို ပူးပေါင်းရန် ဆွဲဆောင်နိုင်ခဲ့ကြောင်း သိရသည်။ **ခင်ရတနာ**

❍ စာမျက်နှာ ၆ မှ

ကြက်သွန်ဥများကို နေရောင်ဖြင့်အခြောက် မလှန်းရပါ။ အေး၍ခြောက်သွေ့ပြီး လေဝင်လေထွက်ကောင်းသောနေရာတွင် သိုလှောင်အခြောက်ခံရမည်။ ကြက်သွန်သိုလှောင်ရုံရှိ ဝါးကြမ်းကြဲကြဲခင်းထားသည့် အဆင့်များပေါ်တွင် ကြက်သွန်ဥများကို ခြောက်လက်မခန့်ထက် မထူအောင်ညှိခင်း သိုလှောင်ရသည်။ ကြက်သွန်နီသိုလှောင်ရုံကို နှစ်လတစ်ခါ သန့်ရှင်းရေးလုပ်ပေးသင့်သည်။ အဆန်ချောင်ခြင်းနှင့် ဥပုပ်ခြင်းများ တွေ့ရှိပါက ကောက်ယူရှင်းလင်းပေးရမည်။

ကြက်သွန်နီသည် အခြေခံစားသောက်ကုန်သီးနှံတစ်မျိုးဖြစ်သလို အလှအပအတွက်လည်း ကောင်းကျိုးများစွာရှိသည်။ ကြက်သွန်နီတွင် ပါဝင်သော ဗီတာမင်စီက အမည်းစက်နှင့် တင်းတိပ်များ ပျောက်ကင်းပြီး အသားအရောင် ညီညာစေသည်။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကြက်သွန်နီများ ရိတ်သိမ်းနေစဉ်။

ကြက်သွန်နီကိုစားသုံးပေးခြင်းကြောင့် ရေဓာတ်ပြည့်ဝစေပြီး ကြက်သွန်နီတွင်ပါရှိသော Antioxidants က မျက်နှာအသားအရေညစ်နွမ်းမှုကို သက်သာစေကာ ကျန်းမာဝင်းလက်သည့် အသားအရေကို ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။

အသားအရေ ကြည်လင်စေခြင်း၊ နှုတ်ခမ်းသားနူးညံ့စေခြင်းနှင့် ဆံပင်များလည်း သန်စွမ်းစေသည်။ ကြက်သွန်နီကို ပုံမှန်စားသုံးပေးခြင်းဖြင့် အရိုးသိပ်သည်းစေခြင်း၊ ကိုလက်စထရောပမာဏကို လျှော့ချပြီး နှလုံးကိုကျန်းမာစေခြင်း၊ အစာခြေအားကို ကောင်းစေခြင်း၊ ဆံပင်ပျက်စီးမှုကို လျှော့ချပြီး Antioxidant ကို မြှင့်တင်ပေးခြင်း၊ အမြင်အာရုံအားကောင်းစေပြီး ခံတွင်းကျန်းမာရေးကို ကောင်းစေခြင်း၊ ယားယံမှုကို သက်သာစေခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ပျောက်ကင်းစေခြင်း စသည့်ကောင်းကျိုးများ ဖြစ်ပေါ်စေသည်။

**တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်နိုင်**

ကြက်သွန်နီသည် ပျက်စီးလွယ်သောကုန်ကြမ်းဖြစ်ပြီး သာမန်အခြေအနေများတွင် ရိတ်သိမ်းပြီးနောက် အချိန်ကြာမြင့်စွာ သိုလှောင်၍မရခြင်းနှင့် သင့်လျော်သော သိုလှောင်ရုံအဆောက်အအုံများ မရှိပါက ဇီဝဓာတုဖြစ်စဉ်များ၊ ပိုးမွှားများအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်စေနိုင်သည်။ ကြက်သွန်နီကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပျက်စီးဆုံးရှုံးခြင်းနှင့် ကြက်သွန်ပေါ်ချိန် ဈေးနှုန်းကျဆင်းမှုကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ကြက်သွန်နီမှ တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ကြက်သွန်အခြောက်၊ ကြက်သွန်ကြော်၊ ကြက်သွန်အမှုန့်၊ ကြက်သွန်နီရှာလကာရည်၊ ကြက်သွန်ချဉ်၊ အလှကုန်ပစ္စည်းတို့ ထုတ်လုပ်ရရှိနိုင်ကြောင်း သိရသည်။

ကြက်သွန်နီ ပန်းတိုင်အထွက်နှုန်း တစ်ဧကပိဿာ ၅၀၀၀ အထက်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာဆောင်ရွက်ရေး နည်းပညာပေးခြင်း၊ ကြက်သွန်နီတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်သည့် နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြက်သွန်နီသီးနှံ ပြည်တွင်း၊ ပြည်ပ ဈေးကွက်အခြေအနေများကို တောင်သူများသိရှိစေရန် ဖြန့်ဝေခြင်းစသည်တို့ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်ထွက်ရှိလာပြီး ဝင်ငွေများလည်း တိုးတက်ရရှိနိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ပညာရေးဝန်ထမ်း မိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ပညာရေးဝန်ထမ်း မိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာကို လေ့လာသင်ယူရာတွင် ဘွဲ့ရရှိရုံတင်သာမက အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ မှန်ကန်သည့်အတွေးအခေါ်၊ ကျယ်ပြန့်သည့် အတွေးအမြင်နှင့် ပြည့်စုံကောင်းမွန်သည့် လူနေမှုဘဝကိုဖန်တီးနိုင်ရေး၊ နိုင်ငံ၏လူမှုအသိုက်အဝန်း တိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်ရေး ဆက်လက်ကြိုးစားကြရန်နှင့် အဆင့်မြင့်ပညာရပ်များကို သင်ကြားရာတွင် မိမိတို့ဝါသနာပါသည့် ပညာရပ်များကို မှန်ကန်စွာ ရွေးချယ်ကြရန်၊ လူငယ်များအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ထိတွေ့နေရသည့်အတွက် မိမိတို့၏ ယဉ်ကျေးမှုအစဉ်အလာများ မပပျောက်စေရန် ဉာဏ်ပညာနှင့် ဆန်းစစ်သုံးသပ်ပြီး ထိန်းကျောင်းရန်၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးပြီး အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်ကြရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းပြီး မိမိတို့လေ့လာသင်ယူထားသည့် ပညာဖြင့် နိုင်ငံနှင့်လူမျိုးကို အကျိုးပြုပြီး မျိုးဆက်သစ်လူငယ်များအတွက် စံပြဖြစ်အောင် လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ခြောက်ဘာသာ ဂုဏ်ထူးနှင့် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပညာရေးဝန်ထမ်းသားသမီး ၃၅၈၀ အောင်မြင်ခဲ့ပြီး ခြောက်ဘာသာ ဂုဏ်ထူးရှင် ၁၄ ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၄၀၊ လေးဘာသာဂုဏ်ထူးရှင် ၁၁၀၊ သုံးဘာသာ ဂုဏ်ထူးရှင် ၂၇၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၈၃ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၃၄ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၂၄၂၂ ဦးရှိပြီး ပညာရေးဝန်ထမ်းမိသားစုများ၏ ကြိုးစားအားထုတ်မှုနှင့် တာဝန်ကျေပွန်မှုများကို ဂုဏ်ပြုသောအားဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ပညာရေးမိသားစုများသာမက သက်ပြည့်အငြိမ်းစားနှင့် ကွယ်လွန်သူများ၏ သားသမီးများကိုပါ ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှုန်း၊ ရိုးရိုးအောင်မြင်သူတစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ် ပေါင်မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ပေါင် စက်တင်ဘာ ၁၁**

မွန်ပြည်နယ် အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပေါင်မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသားလူငယ်များ စာဖတ်သည့် အလေ့အထတွင် ပျော်မွေ့လာစေရန် ရည်ရွယ်၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ငွေးမြင့်အေး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်နှင့် လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းတို့က "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်" မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ကျောင်းစာကြည့်တိုက်တွင် ကျောင်းသားကျောင်းသူများက စာပေဖတ်ရှုနေမှု၊ စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာပေဟောပြောပွဲ၊ ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး အထောက်အကူပြုပြခန်းများ၊ လုပသာယာပြည် မြန်မာခေတ်ပုံပြပွဲများ၊ ပုဂ္ဂလိကစာအုပ်အရောင်းဆိုင်များ၊ ရုပ်ပုံဆက်၊ စကားလုံးဆက်၊ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ရွှေရတုခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၅၀ ပေးအပ်ရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် သချ်ာဉာဏ်စွမ်းရည်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိသူများကို ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့် ဆုရကျောင်းသားကျောင်းသူများက ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ ပေါင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မွန်အကပဒေသာ" ဖြင့် ကပြဖျော်ဖြေနေမှုနှင့် "မြန်မာပြည်မှာ စာပဒေသာဝေဆာစေ" သီချင်းဖြင့် သီဆိုဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများပေးအပ်ပြီး မွန်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌက ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# အိုဇုန်းလွှာကာကွယ်ရေး အသိပညာပေးဆွေးနွေး




**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်း ဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ဗဟန်း) တို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို အဖြစ် "အိုဇုန်းလွှာကာကွယ်ရေး သိပွဲပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပွဲကို ယနေ့တွင် လူထုအခြေပြုဗဟိုဌာန (ဗဟန်း)၌ ပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် (ဗဟန်း)မှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်အေးအေးခိုင်က ဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်မြတ်သွယ်က အိုဇုန်းလွှာမှ သက်ရှိများအတွက် အကာအကွယ်ပြုပုံနှင့် အကျိုးကျေးဇူးများ၊ အိုဇုန်းလွှာပျက်စီးရသည့် အကြောင်းအရင်းများနှင့် ဆိုးကျိုးသက်ရောက်မှုများ၊ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ၊၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်နှင့် ရည်ရွယ်ချက်၊ အိုဇုန်းလွှာကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည့် လုပ်ဆောင်မှုများ၊ အိုဇုန်းလွှာ ထိန်းသိမ်းကာကွယ်ခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်မည့် နည်းလမ်းများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်းသိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# မြင်းခြံခရိုင်၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

**မြင်းခြံ စက်တင်ဘာ ၁၁**

မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မြင်းခြံခရိုင်၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပသည်။



ဦးစွာ မြင်းခြံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အမှာစကား ပြောကြားပြီး မန္တလေး တိုင်း ဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြင်းခြံခရိုင်၌ လေးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၂၂ ဦး စုစုပေါင်း ၃၁ ဦးတို့အား မြင်းခြံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်ပညာရေးမှူး ဒေါ်ခင်နှင်းအေးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကျော်စွာ(မြင်းခြံ)**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပီတန်း၊ အလေးမနှင့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များ လေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ပီတန်းအားကစား လေ့ကျင့်ရေးကွင်းတွင် ပီတန်းအားကစားသမားများ၏ တစ်ဦးချင်း(Single Shooting)နှင့် အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ အတွဲလိုက် (Mixed Doubles)နှင့် အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦး အတွဲလိုက်(Mixed Triples) အားကစားနည်းများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ နည်းပြများ၊ အားကစားသမားများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဝိတ်တန်းများအလိုက် အတန်းပြည့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် အလေးမလေ့ကျင့်ရေးအားကစားရုံ၌ အလေးမအားကစားသမားများ၏ အမြန်မနှင့် နှစ်ဆင့်မနည်းစနစ်ပိုင်းဆိုင်ရာ လေ့ကျင့်နေမှု၊ ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ ပိုက်ကျော်ခြင်း အားကစားသမားများ၏ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ လေ့ကျင့်နေမှုနှင့် ကွင်းသွင်းခြင်းခတ်အားကစားသမားများ၏ လေ့ကျင့်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး မိမိတို့ရရှိထားသည့် စံချိန်၊ စံညွှန်းများ ပိုမိုကောင်းမွန်အောင် နည်းပြဆရာများ၏ သင်ကြားလေ့ကျင့်ပေးမှုအတိုင်း စနစ်တကျလေ့ကျင့်သွားရန်၊ အုပ်ချုပ်သူ၊ နည်းပြများအနေဖြင့် လေ့ကျင့်မှုများ ပြုလုပ်ရာတွင် တွေ့ရှိရသည့် အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်၍ ပြုပြင်သင်ကြားလေ့ကျင့်ပေးသွားရန် မှာကြားပြီး အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် မန္တလေးလျောင်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရွှေကြာပင်အားကစားကွင်းနှင့် ဘောလုံးကွင်း ပြန်လည်ပြုပြင်နေမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ရွှေကြာပင်အားကစားကွင်း ဘောလုံးကွင်းပတ်လမ်း Synthetic ပြေးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးစေရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၃၃) ကြိမ်မြောက် SEA Games ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် Team Zanaka အသင်းမှ ESport အားကစားနည်းအမျိုးအစား သုံးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၁၁

(၃၃)ကြိမ်မြောက် SEA Games ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် Team Zanaka အသင်းမှ ESport အားကစားနည်းအမျိုးအစား သုံးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်မှ သိရသည်။

ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃) ကြိမ်မြောက် SEA Games ပြိုင်ပွဲ၏ ESport အားကစားနည်းကဏ္ဍတွင် မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်မည့်အသင်းများကို ရွေးချယ်သည့် National Esports Championship 2025 ပြိုင်ပွဲကြီးကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသား မိုးလုံလေလုံအားကစားကွင်း(၁)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း တစ်ရာကျော်၊ ကစားသမားပေါင်း ငါးရာကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲ၌ အမျိုးသား Mobile Legends: Bang Bang (MLBB) Open Division ပြိုင်ပွဲတွင် Falcon Esports အသင်း၊ အမျိုးသမီး Mobile Legends: Bang Bang (MLBB) Women Division ပြိုင်ပွဲတွင် Falcon Daisies အသင်း၊ EA Sports FC Online ပြိုင်ပွဲတွင် Wai Min Shein တို့က ချန်ပီယံဆုရရှိခဲ့ကြပြီး မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်းအဖြစ် ရွေးချယ်ခံခဲ့ကာ (၃၃) ကြိမ်မြောက် SEA Games ပြိုင်ပွဲကြီးတွင် နိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထိုကဲ့သို့ ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်မှုကို ပရိသတ်တစ်သောင်းကျော် လာရောက်ကြည့်ရှုအားပေးခဲ့ပြီး တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမှုတွင် ပရိသတ်ငါးသောင်းကျော် ဝင်ရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

"အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်အနေနဲ့ မြန်မာနိုင်ငံ ESport အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး လူငယ်တွေအတွက် အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးနိုင်ဖို့ နိုင်ငံအဆင့် အကြီးမားဆုံးပြိုင်ပွဲဖြစ်တဲ့ National Esports Championship 2025 ပြိုင်ပွဲကြီးကို ကျင်းပခဲ့ပါတယ်။ နိုင်ငံအဆင့်ပြိုင်ပွဲနဲ့ တက္ကသိုလ်အဆင့် ပြိုင်ပွဲတွေကို ဆက်လက်ကျင်းပသွားဖို့ရှိပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေမှာ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်နိုင်ဖို့ လိုအပ်တဲ့ အထောက်အကူတွေ ဆက်လက်ပံ့ပိုးကူညီပေးသွားမှာဖြစ်ပြီး နိုင်ငံအတွက် ESport အားကစားကဏ္ဍမှာ ရွှေတံဆိပ်ဆုဆွတ်ခူးရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ ရည်မှန်းချက်ထားရှိပါတယ်" ဟု မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်းက ပြောကြားသည်။

ယခုနှစ် MLBB Open Division တွင် အနိုင်ရရှိခဲ့သော Falcon Esports သည် ပြီးခဲ့သည့် (၃၂) ကြိမ်မြောက် SEA Games – Men's Tournament တွင် မြန်မာနိုင်ငံအတွက် ကြေးတံဆိပ် ရယူပေးခဲ့ကြောင်း သိရသည်။ သစ္စာ(MNA)



## လေရှီးမြို့၌ မြို့နယ်ပညာရေးမှူးဖလား ကျောင်းအဆင့် ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲဖွင့်

လေရှီး စက်တင်ဘာ ၁၁

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် မိုးရာသီအထိမ်းအမှတ် မြို့နယ်ပညာရေးမှူးဖလား ကျောင်းအဆင့် ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်စာပေနှင့်ယဉ်ကျေးမှုကော်မတီအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းငွေက အမှာစကားပြောကြားပြီး အထက(လေရှီး)မှ ကျောင်းအုပ်ကြီး ဒေါ်ခေစရာမေရီသေးက ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲကို အထက (လေရှီး)မှ အသင်းလိုက် အထက်တန်းအဆင့်အမျိုးသား- ငါးသင်း၊ အလယ်တန်းအဆင့်အမျိုးသား- ငါးသင်း၊ အထက်တန်း/ အလယ်တန်းအဆင့်အမျိုးသမီး -ငါးသင်း စုစုပေါင်း ၁၅ သင်းဖြင့် စက်တင်ဘာ ၁၀ ရက်မှစတင်၍ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။ လေရှီး(ပြန်/ဆက်)

# (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့ ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၁၁

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးအစားကိုးမျိုး ထည့်သွင်းယှဉ်ပြိုင်မည်ဖြစ်ရာ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားအဖွဲ့က ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

ထိုင်းနိုင်ငံမှာ ကျင်းပမယ့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ပြိုင်ပွဲအမျိုးအစားကိုးမျိုးပါဝင်ပြီး ကျွန်တော်တို့က ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးအတွက် ၂၀၂၄ ခုနှစ် ဩဂုတ်လ လောက်ကစပြီးတော့ နေပြည်တော်မှာ စခန်းသွင်းလေ့ကျင့်ဖို့ အစပျိုးခဲ့တာဖြစ်ပါတယ်။ အမျိုးသားပွဲတွေကျတော့လည်း သက်ဆိုင်ရာဌာနတွေကို ခဏပြန်ပေးရတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့အနေနဲ့ပြန်လည်စုစည်းပြီးတော့ နေပြည်တော်မှာပဲ စခန်းသွင်းလေ့ကျင့်ပါတယ်။ အဲဒီကနေမှတစ်ဆင့် လျောင်ဘေးအန္တရာယ်ဖြစ်လာတဲ့ အချိန်မှာ နေပြည်တော်ကနေ ရန်ကုန်ကို ပြောင်းပြီးတော့ လေ့ကျင့်နေပါတယ်။ နေပြည်တော်က ကစားကွင်းတွေ ပြုပြင်ပြီးတာနဲ့ နေပြည်တော်မှာ ဆက်လေ့ကျင့်သွားမှာပါဟု မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးထွဋ်ခိုင်ဝင်းက ပြောသည်။

မြန်မာ ပိုက်ကျော်ခြင်း အားကစားအဖွဲ့ အနေဖြင့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းတွင် အိမ်ရှင် ထိုင်းအသင်းနှင့် အဓိကထားယှဉ်ပြိုင်၍ ဆုတံဆိပ်များလုရမည်ဖြစ်ကြောင်း၊ မြန်မာအသင်းအနေဖြင့် Event နှစ်မျိုး သုံးမျိုးကို ရွှေမှန်းထားပြီး ကျန် Event များကို ဆုတံဆိပ်မလွတ်စေရန် ရည်မှန်း ပြင်ဆင်ထားကြောင်း သိရသည်။

မြန်မာ ပိုက်ကျော်ခြင်း အားကစား သမားများသည် တစ်ပတ်လျှင် ငါးရက်လေ့ကျင့်လျက်ရှိပြီး နံနက်ပိုင်းတစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ် လေ့ကျင့်လျက်ရှိကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် နိုင်ငံအတွက် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်များ ဆွတ်ခူးရယူ ပေးနိုင်ခဲ့ကြောင်း သိရသည်။ လင်းရာမ



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် ပဲခူးကျောင်းတိုက်ဘုန်းကြီးကျောင်းအတွင်း စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမြင့်ခင် ဦးစီးပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်ဆန်းလင်းနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ပဲခူး စက်တင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင် ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အတွင်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်နိုင်စေရေး ဘက်ပေါင်းစုံမှ အလေးထားဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ သက်ဆိုင်ရာဌာနဆိုင်ရာများကလည်း ကော်မတီ အလိုက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို သိရှိ လိုက်နာ ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်းနှင့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်ပတ်သက်၍ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ကြိုတင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပဆောင်ရွက်မည့် မြို့နယ်များရှိ မဲရုံတည်ရှိရာ အလိုက် လုံခြုံရေးဆောင်ရွက်သွားမည့်အစီအမံများကိုလည်းကောင်း၊ တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ဆန္ဒမဲပေးစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ မဲပေးနိုင်ရေးနှင့် မဲမသမာမှုမဖြစ်ပေါ်စေရေး စီမံဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ၏ ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူးတို့က ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စာရင်းများနှင့် မြေပြင်အတည်ပြု လူဦးရေ စာရင်းကိုလည်းကောင်း တင်ပြ ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများက ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ချင်းပြည်နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်းသင်တန်းဖွင့်

ဟားခါး စက်တင်ဘာ ၁၁

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို ယနေ့နံနက် ၉ နာရီခွဲက ဟားခါးခရိုင်စုပေါင်းရုံးရှိ ချယ်ရီခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ သယံဇာတရေးရာဝန်ကြီး ဦးကောလ်လျန်ထန်း၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင်၊ ခေတ္တပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇာထန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ဗဟိုအဆင့်နည်းပြများ၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် သင်တန်းသား သင်တန်းသူ များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က ယခုကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် MEVM စက်ကို အသုံးပြု၍ ဆန္ဒမဲပေးရမည်ဖြစ်ကြောင်း၊ စက်နှင့်မဲပေးခြင်းနှင့်ပတ်သက်၍ နည်းပြဆရာဖြစ် သင်တန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဗဟိုနည်းပြအဖွဲ့ဝင်များ ဦးဆောင်၍ သင်တန်းပို့ချပြီးဖြစ်ပြီး လွယ်ကူရှင်းလင်းပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နည်းပြအဖွဲ့များကိုယ်တိုင် သင်တန်းပို့ချသည့်အချိန်တွင် သင်တန်းတက်ရောက်ကြသူများအနေဖြင့် သေချာမှတ်သားပြီး နားမလည်သည့်အချက်များရှိပါက မေးမြန်းကြစေလိုကြောင်းနှင့် "အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံသို့" ဟူသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ပုဒ်အတိုင်း လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ဗဟိုအဆင့်နည်းပြ ဦးကိုကိုမောင်က မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း နည်းလမ်းများ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဆိုင်ရာသတင်းထုတ်ပြန်ရေးအစီအစဉ် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ရေး အစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံ၌ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဦးအောင်လွင်ဦး နှင့် ဦးမြင့်သိန်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ (၂) နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး တာဝန်ရှိသူများ၊ ပြည်တွင်းမီဒီယာနှင့် ပြည်တွင်း အခြေစိုက် ပြည်ပမီဒီယာအဖွဲ့အစည်းများမှ သတင်းသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံရေးပါတီဆိုင်ရာများ၊ ရွေးကောက်ပွဲစနစ်ပြောင်းလဲ ကျင့်သုံးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲအား အပိုင်းလိုက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ သတင်းမီဒီယာများ သတင်းရယူခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ မေးမြန်းချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ဖြေကြားကာ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက နိဂုံးချုပ်စကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် ပြည်တွင်းမီဒီယာအဖွဲ့အစည်း ၃၀ နှင့် ပြည်တွင်းအခြေစိုက် ပြည်ပမီဒီယာအဖွဲ့အစည်း ရှစ်ဖွဲ့တို့မှ သတင်းသမားစုစုပေါင်း ၇၈ ဦး တက်ရောက် သတင်းရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေး ဟောပြော

ကျောင်းကုန်း စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ပညာ့ဗိမာန်ခန်းမ၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေး ဟောပြောခြင်းနှင့် အသိပညာပေးဗီဒီယိုပြသခြင်းကို ယနေ့နံနက် ၁၁ နာရီက ပြုလုပ်သည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုက ဆက်သွယ်ရေးဥပဒေဆိုင်ရာအမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ လိမ်လည်မှုဖြစ်စဉ်များနှင့် ပြစ်မှု/ပြစ်ဒဏ်များကို ဟောပြောပြီး၊ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန(LMLECC)မှ ပေးပို့လာသည့် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး Video Clip ကို ပြသသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုဦး၊ ရဲမှူးအောင်နိုင်ဦးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းရင်းသားဘာသာစာပေသင် ဆရာ ဆရာမများ သင်တန်းပြီးမြောက်ကြောင်းလက်မှတ်ပေးအပ်ပွဲတက်ရောက်

**မြောင်းမြ စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် မြောင်းမြပညာရေးဒီဂရီကောလိပ်၌ ကျင်းပသည့် တိုင်းရင်းသား ဘာသာစာပေသင် ဆရာ ဆရာမများအတွက် ဆရာအတတ်ပညာ အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ (၄/၂၀၂၅) သင်တန်းပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားသို့ ယနေ့ နံနက်ပိုင်းက တက်ရောက်ခဲ့သည်။

ဦးစွာ "ပွင့်ဖူးဝေဆာ ကျောင်းတော်သာ" တေးသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက နှုတ်ဆက်စကားပြောကြားကာ တိုင်းရင်းသားဘာသာ စာပေသင် ဆရာ ဆရာမ ၁၂၀ တို့အား မြို့နယ်အလိုက် သင်တန်းပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ မြောင်းမြ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇေယျာ(မြောင်းမြ)



## (၂၂) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Air Chiefs Conference - 22nd AACC) သို့ ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၂) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Air Chiefs Conference – 22nd AACC) သို့ တက်ရောက်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၆ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက် ညနေပိုင်းတွင် လာအိုလေတပ်ဦးစီးချုပ် Major General Khamlek Sengphachanh၊ ဘရူနိုင်းလေတပ်ဦးစီးချုပ် Brigadier General (U) Haji Haszahaidi bin Haji Ahmad Daud နှင့် အင်ဒိုနီးရှားလေတပ်ဦးစီးချုပ် Air Chief Marshal Mohamad Tonny Harjono တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံလေတပ်များအကြား ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။




ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ဂျကာတာမြို့ရှိ The Ritz-Carlton Ballroom ၌ ကျင်းပသော (၂၂) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး(22nd ASEAN Air Chiefs Conference – 22nd AACC) တက်ရောက်ကြသည်။ အာဆီယံလေတပ်ဦးစီးချုပ်များက "ASEAN Inclusivity and Sustainability of Non-Combatant Evacuation Operations" အကြောင်းအရာအား တစ်ဦးချင်းဆွေးနွေးခဲ့ကြပြီးနောက် အစည်းအဝေးသဘောတူဆုံးဖြတ်ချက်များ အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် အင်ဒိုနီးရှားလေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံ လေတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။

အဆိုပါ (၂၂) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Air Chiefs Conference – 22nd AACC) သို့ တက်ရောက်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## သထုံမြို့နယ်၌ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေး

**သထုံ စက်တင်ဘာ ၁၁**

မွန်ပြည်နယ် သထုံမြို့နယ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အသိပညာပေးရှင်းလင်းရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်နိုင်က သထုံမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များအား ၂၀၂၅ ခုနှစ်အတွက် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ကြပါစို့**

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စာဆိုဗိမာန်အဆောက်အဦတွင်ထားရှိမည့် "Logo အမှတ်တံဆိပ်" များအတွက် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီ အထောက်အပံ့ဖြင့် တည်ဆောက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ၊ ဥယျာဉ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် ၁၈-A၊ မြေကွက်အမှတ် (၂၉ ၏ တစ်စိတ်တစ်ဒေသ) ရှိ မြေဧရိယာ ၂ ဒသမ ၁၈ ဧကပေါ်တွင် စာဆိုဗိမာန် သုံးထပ် (RC) အဆောက်အဦအား တည်ဆောက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါအဆောက်အဦတွင် အထိမ်းအမှတ် Logo တံဆိပ်တပ်ဆင်နိုင်ရန်အတွက် လိုအပ်မည့် အမှတ်တံဆိပ်အား ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပြိုင်ပွဲဝင်များအား ဖိတ်ခေါ်ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် ယှဉ်ပြိုင်ရာတွင် အောက်ဖော်ပြပါအချက်များပါဝင်အောင် ထည့်သွင်းစဉ်းစား ရေးဆွဲပေးရမည်ဖြစ်ပါသည်-

- စာဆိုဗိမာန်အမည်နာမနှင့် လိုက်ဖက်မှုရှိရန်
- စာဆိုတော်ကြီးများနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ရည်ညွှန်းနိုင်သည့် အချက်လက်များပါရှိစေရန်
- ခေတ်အဆက်ဆက် မြန်မာစာပေသမိုင်းတွင် ထင်ရှားကျော်ကြားခဲ့ကြသည့် စာဆိုတော်ကြီးများ ဖန်တီးရေးဖွဲ့ခဲ့ကြသည့် စာပေလက်ရာများနှင့် နီးနွှယ်မှုပါရှိစေရန်
- စာပေနှင့်ပတ်သက်သည့် ရေးအခေါ်အဝေါ်များပါရှိရန်

၃။ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(က) မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

( ခ ) Logo ဒီဇိုင်းရေးဆွဲရာတွင် File Format အား AI (သို့မဟုတ်) .eps အဖြစ် ဒီဇိုင်းရေးဆွဲပေးရမည် ဖြစ်ပါသည်။

( ဂ ) ဆုရ Logo တံဆိပ်အား မူပိုင်ခွင့်နှင့်ပတ်သက်၍ စာဆိုဗိမာန်က ပိုင်ဆိုင်မည်ဖြစ်ပါသည်။

(ဃ) ကိုယ်တိုင်ရေးဆွဲထားကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးရမည်။

( င ) ဆုအဖြစ်ရွေးချယ်ခံရသည့် Logo တံဆိပ်ရေးဆွဲသူအား ဥဏ်ပူဇော်ခအဖြစ် ပထမဆုလျှင် ငွေကျပ် ၂,၀၀၀,၀၀၀/- (ကျပ်နှစ်ဆယ်သိန်းတိတိ)၊ ဒုတိယဆုလျှင် ငွေကျပ် ၁,၀၀၀,၀၀၀/-(ကျပ်တစ်ဆယ်သိန်းတိတိ) နှင့် တတိယဆုလျှင် ငွေကျပ် ၅၀၀,၀၀၀/- (ကျပ်ငါးသိန်းတိတိ)ကို ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်မှုများ ပေးပို့ရာတွင် (Hard Copy အဖြူ/အမဲ) နှစ်စုံ Soft Copy (CD) နှစ်စုံစီ၊ ပြိုင်ပွဲဝင် အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံ ၂ ပုံ (Passport Size)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ်အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ စာတည်းမှူးချုပ်၊ စာပေဗိမာန်ရုံး၊ ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၁-၃၈၁၄၄၉ သို့ ၂၀၂၅ ခုနှစ်၊ စက်ဘာလ ၂၃ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ ယှဉ်ပြိုင်နိုင်ပြီး အသေးစိတ်ကို စာပေဗိမာန် Website ( www.sarpaybeikman-pol.gov.mm) နှင့် Facebook Page များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော Logo တံဆိပ်အား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၅။ စာဆိုဗိမာန်အဆောက်အဦတွင် ထားရှိမည့် "Logo အမှတ်တံဆိပ်" ပြိုင်ပွဲတွင် ဆုရရှိသည့် ဒီဇိုင်းပညာရှင်ကို ဆုချီးမြှင့်နိုင်မည့်ရက်အား ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

**စာပေဗိမာန်**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

# အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများကို စစ်ဆေးမှုပြန်လည်စတင်ရန် အီရန်နှင့် နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီတို့ သဘောတူညီ

**တီဟီရန် စက်တင်ဘာ ၁၁**

အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများကို စစ်ဆေးမှုပြန်လည်စတင်ရန် အီရန်နှင့် နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီတို့က သဘောတူညီခဲ့ကြောင်း သိရသည်။

အီရန်တွင် စစ်ဆေးရေးများ ပြန်လည်စတင်ရန် လက်တွေ့ကျသော နည်းလမ်းများကို ကြိုဆိုပါကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖန်ဒူဂျာရစ်က ယမန်နေ့တွင် ပြောကြားသည်။

စစ်ဆေးမှုအစီအစဉ်များတွင် အမေရိကန်နှင့် အစ္စရေးတို့ တိုက်ခိုက်ခဲ့သော နျူကလီးယားစက်ရုံများအပါအဝင် အခြားနေရာအားလုံး အကျုံးဝင်မည်ဖြစ်ကြောင်း နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ ရာဖာဂရိုစီက ယမန်နေ့တွင် ပြုလုပ်သည့် ကုလသမဂ္ဂ နျူကလီးယား စောင့်ကြည့်ရေးအဖွဲ့၏ အုပ်ချုပ်ရေးမှူးများ အစည်းအဝေးတွင် ပြောကြားကြောင်း သိရသည်။



တစ်ချိန်တည်းတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘာ့စ် အာရတ်ချီက ယင်းကဲ့သို့ စစ်ဆေးမှုများ ပြန်လည်စတင်ရန် နောက်ထပ်ဆွေးနွေးမှုများ လိုအပ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီနှင့် သဘောတူညီထားသည့် အရေးအကြီးဆုံးအချက်မှာ နှစ်ဖက်အကြား ပူးပေါင်းဆောင်ရွက်မှုတွင် ယခင်ကဆောင်ရွက်ခဲ့သည့်အတိုင်း မဟုတ်ဘဲ ပုံစံအသစ်၊ မူဘောင်အသစ်ဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘာ့စ်အာရတ်ချီက ပြောကြားသည်။

ဇွန်လက ၎င်း၏နျူကလီးယားစက်ရုံများကို အမေရိကန်နှင့် အစ္စရေးတို့ တိုက်ခိုက်ခဲ့ပြီးနောက် အီရန်သည် နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီနှင့် ၎င်း၏ ပူးပေါင်းဆောင်ရွက်မှုအားလုံးကို ရပ်ဆိုင်းခဲ့သည်။

ယခုသဘောတူညီချက်သည် အီရန်ရှိ နျူကလီးယားစက်ရုံများကို အပြည့်အဝစစ်ဆေးခြင်း ပြန်လည်စတင်နိုင်ရေးအတွက် ဆောင်ကျဉ်းပေးမည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် –အောင်ကျော်ကျော်

# ထိုင်းနိုင်ငံ၌ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဇုန်များ သတ်မှတ်



**ဗန်ကောက် စက်တင်ဘာ ၁၁**

ထိုင်းနိုင်ငံတွင် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဇုန်များကို မြို့တော် ဗန်ကောက်နှင့် နိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်လေးခုတွင် တရားဝင်သတ်မှတ်ခဲ့ကြောင်း သိရသည်။

၎င်းဆောင်ရွက်ချက်သည် လေထုညစ်ညမ်းမှုမြင့်တက်လာခြင်းကို ထိန်းချုပ်ရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒုတိယဝန်ကြီးချုပ် ပရာဆက်ဂျန်တာရာရောင်တောင်နှင့် ဗန်ကောက်မြို့တော်ဝန် ချတ်ချက်ဆီတီပန်တို့ တက်ရောက်သည့် အမျိုးသား သဘာဝပတ်ဝန်းကျင်ဘုတ်အဖွဲ့ အစည်းအဝေးတွင် ဗန်ကောက်၊ ချင်းမိုင်၊ ချင်းရိုင်၊ လန်ဖန်နှင့်မဲဟောင်ဆောင်ဒေသများအား လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဇုန်များ အဖြစ် သတ်မှတ်ကြောင်း ကြေညာခဲ့သည်။ ယခုဆောင်ရွက်ချက်သည် ဆောင်းရာသီနှင့်ခြောက်သွေ့သည့်ရာသီများတွင် မီးခိုးမြူငွေ့များ ကျဆင်းမှုကြောင့် ဖြစ်လာသည့် လေထုညစ်ညမ်းမှုကို ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ထိုင်းနိုင်ငံ မြောက်ပိုင်းတွင် တောမီးလောင်ကျွမ်းခြင်းနှင့် ကားများမှထွက်ရှိသည့် အခိုးအငွေ့များကြောင့် ဒေသခံများကျန်းမာရေးထိခိုက်ကြောင်း သိရသည်။

ယခုကဲ့သို့ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဇုန်များသတ်မှတ်ခြင်းအပြင် တာဝန်ရှိသူများကိုလည်း လေထုညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်ရန်လုပ်ပိုင်ခွင့်များပေးအပ်သည်။

**ကိုးကား–ဗွီအင်န်အိတ်ပရက်စ်**
**ဘာသာပြန်–စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေရာအများအပြား ရေကြီးရေလျှံမှုဖြစ်ပွား

**ဂျကာတာ စက်တင်ဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေရာအများအပြား ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

ရေကြီးမှုများနှင့် ဆက်စပ်သည့် ဘေးအန္တရာယ်များကြောင့် ၁၉ ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ယနေ့ ပြောကြားသည်။

ဘာလီအပန်းဖြေကျွန်းတွင် ၁၄ ဦးသေဆုံးခဲ့ပြီး အခြားနှစ်ဦး ပျောက်ဆုံးနေကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီက ယနေ့ ပြောကြားသည်။

ဘာလီကျွန်းတွင် စက်တင်ဘာ ၉ ရက်က မိုးရွာသွန်းမှုကြောင့် မြစ်ချောင်းများ၌ ကမ်းပါးပြိုကျခဲ့သည်။ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ဒေသခံပြည်သူ ၅၀၀ ကျော် အရေးပေါ်ခိုလှုံရာနေရာများသို့ ရွှေ့ပြောင်းခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားသည်။

အချို့နေရာများတွင် ရေကြီးမှုကြောင့် ဖြစ်ပေါ်ခဲ့သော အပျက်အစီးများကို ရှင်းလင်းရေး လုပ်ဆောင်လျက်ရှိသည်။

အလားတူ နိုင်ငံအရှေ့ပိုင်း နူဆာတန်ဂါရာ ပြည်နယ်တွင်လည်း လျှပ်တပြက်ရေလွှမ်းမိုးမှုများကြောင့် လူငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၂၅ | ၃၀၃၅ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၇၅ | ၂၉၉၅ | ၅၅၀၅ | ၃၂၉၀ | ၃၀၁၀ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၂၅ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၅၅၆၀ | ၃၃၆၀ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၅ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၇၅ |
| HSD (50 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၆ | ၂၈၄၅ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၄၁၈ | ၂၄၉၆ |
| HSD (50 ppm) | ၂၉၉၈ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၈ | ၃၀၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) က ကြီးမှူးဖွင့်လှစ်သည့် အပတ်စဉ်(၅၁/၂၀၂၅) အတတ်ပညာဆိုင်ရာအိမ်ခြံမြေဝန်ဆောင်မှုသင်တန်း (အခမဲ့) နှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာအသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ယုဇနဟိုတယ်၌ ဖွင့်လှစ်သင်ကြားပို့ချသည်။

အဆိုပါ သင်တန်းတွင် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) ၏ နာယကဆရာကြီးများက သင်ကြားပို့ချဆွေးနွေးပေးခဲ့ကြပြီး သင်တန်းကို ဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် မြို့နယ်ဥက္ကဋ္ဌများက ကြီးကြပ်ပေးကြသည်။

အိမ်ခြံမြေအခြေခံသင်တန်းသို့ သင်တန်းသားဦးရေ ၂၇၄ ဦးနှင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းသို့ သင်တန်းသား ၄၈၉ ဦးတို့ တက်ရောက်သင်ကြားခဲ့ကြပြီး သင်တန်းသားများအား ဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **မျိုးမင်းသူရ**



အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်မြို့လေဆိပ်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်ရေယာဉ်များအား အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖြတ်တောက်ပစ်ခတ်တိုက်ခိုက်မှုကို တွေ့ရစဉ်။

☆ ကျောဖုံးမှ

ပူးပေါင်းအဖွဲ့များ၏ သာလွန်အင်အားအသုံးပြု၍ တိုက်ခိုက်လာမှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ဩဂုတ်လ ၁၈ ရက်တွင် ကြားခံစစ်အဆင့်ဆင့်ဖြင့် ဗန်းမော်မြို့သို့ စနစ်တကျဆုတ်ခွာ၍ ဗန်းမော်မြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းခဲ့ရသည်။

ယင်းနောက် တပ်မတော်စစ်ကြောင်းများအနေဖြင့် ဗန်းမော်မြို့၌ စနစ်တကျပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ခဲ့ပြီးနောက် ဩဂုတ်လ ၂၀ ရက်တွင် မိုးမောက်မြို့အား အင်အားအလုံးအရင်းဖြင့် ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အထိနာခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် မိုးမောက်မြို့ရှိ နယ်မြေခံတပ်ရင်းအား ပြန်လည်သိမ်းပိုက်ရရှိနိုင်ရေး အပြင်းအထန်ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိချိန်တွင် အထိနာလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် စစ်မျက်နှာပြောင်းလဲ၍ မိုးမောက်မြို့သို့ ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသော တပ်မတော်စစ်ကြောင်းများအား လက်နက်၊ ခဲယမ်း၊ ရိက္ခာများ အဓိကထောက်ပံ့ပေးလျက်ရှိသည့် ဗန်းမော်မြို့ရှိ လေယာဉ်ကွင်း၊ တပ်ရင်းဌာနချုပ်များအား ပိတ်ဆို့ ဖြတ်တောက်နိုင်ရေးအတွက် ဗန်းမော်မြို့ဒေသခံပြည်သူလူထုအတွင်း ဒေသခံများအသွင် စိမ့်ဝင်နေထိုင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကူအညီများရယူကာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့မှစ၍ နှစ်လအတွင်း ဗန်းမော်မြို့အား အပြီးသိမ်းပိုက်ရန်ကြွေးကြော်လျက် ဗန်းမော်မြို့တွင်းသို့ တောင်ဘက်နှင့် မြောက်ဘက် နှစ်ဖက်ညှပ်၍ တပ်မဟာအလိုက် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဗန်းမော်မြို့ရှိပြည်သူလူထုအချို့အနေဖြင့် စိုးရိမ်ထိတ်လန့်ခဲ့ကြရပြီး နေရပ်စွန့်ခွာထွက်ပြေး၍ ဘေးလွတ်ရာသို့ တိမ်းရှောင်နေခဲ့ရသည်။

အလားတူ မံစီမြို့အား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်၍ ခေတ္တစိုးမိုးထားသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည်လည်း မံစီ-ဗန်းမော်လမ်းကြောင်းအတိုင်း ထိုးစစ်ဆင်တိုက်ခိုက်လာခဲ့ရာ ဗန်းမော်မြို့ တောင်ဘက်ရှိ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့မှုများဖြစ်ပွားခဲ့သည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ဗန်းမော်မြို့၏ ဆက်သွယ်ရေးလမ်းကြောင်းများအား ဖြတ်တောက်ပိတ်ဆို့ခြင်းများကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှုခေတ္တရပ်တန့်သွားခဲ့ရသဖြင့် ဒေသအတွင်းကျန်ရှိသည့်ဒေသခံများ၏ စားရေး၌ အခက်အခဲ၊ အကြပ်အတည်းများဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်၍ အစိုးရနှင့် တပ်မတော်မှ ဒေသခံပြည်သူများ၏ စားသောက်နေထိုင်ရေးအတွက် ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောကြီးများဖြင့် လိုအပ်သည့် ထောက်ပံ့ပို့ဆောင်ရေးများ ဆောင်ရွက်ပေးခဲ့ရာတွင်လည်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ဧရာဝတီမြစ်ကြောင်းဝဲ/ယာတစ်လျှောက်ရှိ ကျေးရွာအချို့တွင် အတင်းအဓမ္မ ခြိမ်းခြောက်ဝင်ရောက်နေရာယူလျက် သင်္ဘောများအား အဝေးမှ နှောင့်ယှက်ပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb ချတိုက်ခိုက်ခြင်းစသည့်အဖျက်အမှောင့်လုပ်ရပ်ကို လုပ်ဆောင်ခဲ့သည်။ **စာမျက်နှာ ၁၅ သို့ ☆**



တပ်မတော်မှ ရေယာဉ်များ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ပိတ်ဆို့ဖြတ်တောက်မှုများကြားမှ ဗန်းမော်ဆိပ်ကမ်းသို့ ရောက်ရှိမှုကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဗန်းမော်မြို့အနီးရှိ ရပ်ကွက်ကျေးရွာများမှ ဆောက်လုပ်ဆဲသာသနိကအဆောက်အအုံများ၊ ဒေသခံများ၏ နေအိမ်များအတွင်း အခိုင်အမာနေရာပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

☆ စာမျက်နှာ ၁၄ မှ

ဗန်းမော်မြို့အနီးဝန်းကျင်ရှိ တပ်ဌာနချုပ်များ၊ တပ်စခန်းများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်လာသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား တန်ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရာတွင်လည်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ပြည်သူလူထုအား လူသားတံတိုင်းသဖွယ် အသုံးပြုတိုက်ခိုက်ခြင်း၊ ပြည်သူလူထုနေအိမ်များအတွင်း ဝင်ရောက်၍ အကာအကွယ်ယူတိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ပြည်သူလူထုနှင့် ၎င်းတို့၏ နေအိမ်အဆောက်အအုံများ ထိခိုက်မှုမရှိစေရေးအတွက် ပစ်ခတ်မှုများကို ကန့်သတ်ချက်များကြားမှ အထူးဂရုပြု ဆောင်ရွက်ခဲ့ရသည်။ သို့ရာတွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် သာသနိကအဆောက်အအုံများ၊ ပြည်သူလူထု၏ ကွန်ကရစ်အမိုးပါ အထပ်မြင့်အဆောက်အအုံများနှင့် ဆေးရုံ၊ ဆေးခန်းနေရာများ၌ အခြေပြု၍ တိုက်ခိုက်ခြင်းများ အဆက်မပြတ် လုပ်ဆောင်လာခဲ့သဖြင့် ဗန်းမော်မြို့ အရှေ့မြောက်ဘက်ရှိ တပ်ဌာနချုပ်များ၊ လုံခြုံရေးတပ်စခန်းများနှင့် ဗန်းမော်လေဆိပ်တို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အတွင်း အဆင့်ဆင့်ကြားခံစစ်များရယူကာ ဗန်းမော်မြို့တွင်းရှိ နယ်မြေခံတပ်ဌာနချုပ်နေရာသို့ ဗျူဟာအရ ခေတ္တခွာစစ်ဆင်ပူးပေါင်းခဲ့ပြီး အင်အားအလုံးအရင်းဖြင့် ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်လာသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား ဆက်လက်ခုခံတိုက်ခိုက်ခဲ့သည်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဗန်းမော်မြို့အား အလုံးစုံသိမ်းပိုက်ရရှိနိုင်ရေး အင်အားအလုံးအရင်းဖြင့် စဉ်ဆက်မပြတ် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သော်လည်း တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ/စစ်သည်၊ မိသားစုဝင်များ၊ အစိုးရဝန်ထမ်းများအနေဖြင့် ဗန်းမော်မြို့အား အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များလက်ဝယ်သို့ အလုံးစုံကျရောက်မှုမရှိစေရေး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ရှစ်လတိုင်တိုင် လှေခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်တို့ဖြင့် အပြင်းအထန် ဟန့်စစ်ဆင်ခုခံမှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ဗန်းမော်မြို့အား အလုံးစုံရရှိနိုင်ရေး စစ်ရေးအိပ်မက်မှာ ရပ်တန့်သွားခဲ့ရသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း အင်အားဖြည့်စစ်ကြောင်းများ လိုက်ပါလာသည့် တပ်မတော်ရေယာဉ်များအနေဖြင့် ဗန်းမော်မြို့သို့ ချီတက်ခဲ့ရာတွင် လမ်းခရီးတစ်လျှောက် တွန်းသင်္ဘောနစ်စင်း ပျက်စီးဆုံးရှုံးရသည်အထိ အခက်အခဲမျိုးစုံနှင့် အကြမ်းဖက်သောင်းကျန်းသူတို့၏ ဖြတ်တောက်ပိတ်ဆို့မှုမျိုးစုံတို့ကြားမှ အောင်မြင်စွာ ရောက်ရှိဆိုက်ကပ်နိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက်မှစ၍ စစ်ကြောင်း ခုနစ်ကြောင်းဖြင့် စုဖွဲ့ချီတက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ဗန်းမော်မြို့ အရှေ့မြောက်ဘက်ရှိဗန်းမော်တက္ကသိုလ်နေရာမှတစ်ဆင့် နမ့်ဖားကျေးရွာရှိစခန်းအား စစ်ကြောင်းတစ်ကြောင်းဖြင့် ချီတက်သိမ်းပိုက်ခဲ့ပြီး ၎င်းစစ်ကြောင်းသည် ဗန်းမော်မြို့သို့ ဆက်လက်ဦးတည် ချီတက်၍လည်းကောင်း၊ ဗန်းမော်မြို့မြောက်ဘက်ရှိ နောင်ခိုရပ်ကွက်၊ မင်းလှရပ်ကွက်တို့အား စစ်ကြောင်းတစ်ကြောင်းဖြင့်ချီတက်၍လည်းကောင်း၊ ဗန်းမော်မြို့မြောက်ဘက်ရှိ အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် နယ်မြေခံတပ်ဌာနချုပ် လေးခု၊ တပ်စခန်းတစ်ခုနှင့် လေဆိပ်နေရာတို့အား အရှေ့ဘက်မှ စစ်ကြောင်း သုံးကြောင်းနှင့် နမ်းဖားစခန်းအား သိမ်းပိုက်ပြီး ဗန်းမော်မြို့သို့ ဦးတည်လာသည့် စစ်ကြောင်းတစ်ကြောင်းတို့မှ နှစ်ဖက်ညှပ်၍လည်းကောင်း၊ ပင်စင်ကုန်းရပ်ကွက်၊ ညောင်ပင်ရပ်ကွက်၊ ခွန်သာရပ်ကွက်နှင့် သာစည်ရပ်ကွက်အတွင်းရှိ ဒေသအခေါ် ကချင်စုနေရာတို့အား စစ်ကြောင်း နှစ်ကြောင်းဖြင့်လည်းကောင်း တန်ပြန်တိုက်စစ်များ အရှိန်အဟုန်မြှင့်၍ အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများ၏ အပြည့်အဝအားပေးထောက်ခံမှု၊ တပ်အင်အားဖြည့်တင်းရရှိမှု၊ တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များ၏ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှု၊ စစ်နည်းဗျူဟာမြောက် ချီတက်တိုက်ခိုက်နိုင်မှု၊ ဓွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အဆင့်ဆင့် တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက်မှ စက်တင်ဘာ ၁၁ ရက်အတွင်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်မြို့အနီးဝန်းကျင်ရှိ တပ်ဌာနချုပ်နေရာများ၊ ရပ်ကွက်၊ ကျေးရွာနှင့် စခန်းကုန်းနေရာအသီးသီးတို့အား အလုံးစုံ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကာ အကြမ်းဖက်သမားများ ထိခိုက်ကျဆုံးမှုများစွာဖြင့် ဗန်းမော်မြို့၏ အရှေ့မြောက်ဘက်နှင့် ပင်မတပ်များရှိရာ မိုးမောက်မြို့ဘက်သို့ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးလျက်ရှိသည်။

တပ်မတော် စစ်ကြောင်းများက ဗန်းမော်မြို့အား ရန်သူ့လက်ဝယ်သို့ ကျရောက်မှုမရှိစေရေးနှင့် တပ်ဌာနချုပ်များအား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့သောကြောင့် စစ်ဆင်ရေးကာလ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၁ ရက် အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး (၁၆)ကြိမ်၊ ထိတွေ့မှုပေါင်း အကြိမ်(၄၉၀) ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၆၃ လောင်း၊ လက်နက်မျိုးစုံ ၁၇၈ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။ အဆိုပါ တိုက်ပွဲများတွင် မိမိဘက်မှ ရွပ်ရွပ်ချွံချွံ ပြန်လည်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် သေဆုံးသူ ၄၆၁၆ ဦးခန့်နှင့် ဒဏ်ရာရရှိသူ ၄၉၈၃ ဦးခန့်ရှိခဲ့ကြောင်း သီးခြားသတင်း ရင်းမြစ်များအရသိရှိရပြီး မိမိဘက်မှ အရာရှိ/စစ်သည် အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် အထိအခိုက်အကျအဆုံးများပြားလာသည့်အတွက် လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တပ်မတော်စစ်ကြောင်းများထံသို့ အလင်းဝင်ရောက်မှုများလည်း ရှိကြောင်းနှင့် တပ်မတော်စစ်ကြောင်းများ အနေဖြင့် ဗန်းမော်မြို့အတွင်း ကျန်ရှိနေသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား ဆက်လက်နယ်မြေရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်မြို့အတွင်းရှိ နယ်မြေခံတပ်ရင်းဌာနချုပ်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။











အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ရုပ်အလောင်းများကို တွေ့ရစဉ်။

# လှည်းကူးမြို့နယ်၌ သွားနှင့် ခံတွင်းရောဂါများကင်းဝေးစေရန် ကွင်းဆင်းဆောင်ရွက်

**လှည်းကူး စက်တင်ဘာ ၁၁**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ မူလတန်းအရွယ် ကျောင်းသားကျောင်းသူများတွင် သွားနှင့် ခံတွင်းရောဂါများကင်းဝေးစေရန် ရည်ရွယ်၍ နေ့လယ်စာစားပြီး သွားတိုက်ခြင်းလှုပ်ရှားမှုအစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် နိဗ္ဗာန်ဆိပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (သွားကျန်းမာ) ဒေါက်တာကွန်စတန် ဦးဆောင်သော အနောက်ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ သာကေတသွားနှင့် ခံတွင်းအထူးကုဆေးရုံမှ သွားနှင့် ခံတွင်းဆရာဝန်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာ သောင်းဦးနှင့် ဒေါက်တာတင်နိုင်(သွားဆရာဝန်) နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးခင်ဇော်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် နိဗ္ဗာန်ဆိပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာမများက သွားတစ်ချောင်းနှင့် သွားဖုံးသားများ ဖွဲ့စည်းတည်ဆောက်ထားပုံ၊ သွားနှင့် ခံတွင်းကျန်းမာရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ သွားပိုးစားရောဂါဖြစ်ပွားလာပုံနှင့် နောက်ဆက်တွဲဖြစ်စဉ်များ၊ စစ်မှန်သောသွားတိုက်နည်းအကြောင်းများကို ရှင်းလင်းပြောကြား၍ သွားတိုက်နည်းကို သရုပ်ပြပုံနှင့်တကွ လက်တွေ့သရုပ်ပြသပေးပြီး သွားကျန်းမာရေးစစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေကြည်မြို့နယ်ပြည်သူ့ဆေးရုံ၌ အမြွှာမွေးမိခင်အားထောက်ပံ့ငွေနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်

**ရေကြည် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာတင်ထွန်းအောင် ဦးဆောင်၍ အောင်မြင်စွာခွဲစိတ်မွေးဖွားပေးခဲ့သည့် သားဦးမိန်းကလေး အမြွှာပူးမွေးဖွားသော ကွမ်းသီးချောင်းအုပ်စု အရှေ့ရွာသစ်ကျေးရွာနေ မခင်ပပလှိုင်အား ထောက်ပံ့ငွေနှင့် အာဟာရဖြည့်စွက်စာများပေးအပ်ခြင်းကို ယနေ့နံနက် ၁၁ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံ၌ ပြုလုပ်သည်။



အဆိုပါ နှစ်မြွှာပူးမွေးဖွားသောမိခင်အား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး မိသားစုကထောက်ပံ့ငွေကျပ်တစ်သိန်း၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုအဖွဲ့က ထောက်ပံ့ငွေကျပ် နှစ်သိန်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်တစ်သိန်းတန်ဖိုးရှိကလေးအသုံးအဆောင်ပစ္စည်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အိုဗာတင်း၊ ကြက်ဥ၊ ငှက်ပျောသီး၊ ကုလားပဲခြမ်းနှင့် ထောက်ပံ့ငွေကျပ်တစ်သိန်း စုစုပေါင်းတန်ဖိုးငွေကျပ် ငါးသိန်းကို ကျုံပျော်ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက သွားရောက်ပေးအပ်၍ အားပေးစကားပြောကြားခဲ့ကြောင်းနှင့် မိခင်ဖြစ်သူနှင့် အမြွှာကလေးငယ်နှစ်ဦးမှာ ကျန်းမာလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်၌ ကွမ်းစားခြင်းအန္တရာယ်အကြောင်း အသိပညာပေး




**ဆိပ်ဖြူ စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကွမ်းစားခြင်းအန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေးခြင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စီစီမိုးနှင့် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ရီရီချိုတို့က ယနေ့နံနက် ၁၀ နာရီတွင် ဆွေးနွေးပြောကြားသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စီစီမိုးက ကွမ်းစားခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးပြီး စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ရီရီချိုက ကွမ်းယာထဲတွင် ပါဝင်သော ထုံးနှင့်ရှားစေး၊ ဆေးရွက်ကြီး၊ အိန္ဒိယကွမ်းစားဆေးများအကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရီရီချို(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်၌ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် အသက် ၇၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် သွေးတိုးနှင့် ဆီးချိုရောဂါရှိသူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ပြုလုပ်သည်။



ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ မျိုးမင်းထွန်းက ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် ရောက်ရှိလာကြသော အသက် ၇၀ အထက် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးဗဟုသုတများကို အသိပညာပေးဟောပြောပေးခြင်း၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက တီဘီရောဂါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အသက် ၇၀ အထက် သက်ကြီးဘိုးဘွားများအား ဆီးချို၊ သွေးချို၊ သွေးတိုး၊ သွားနှင့် ခံတွင်း စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြပြီး အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံချက် ရွေ့လျားဓာတ်မှန်ရိုက်ကူးရေးအဖွဲ့မှ တာဝန်ရှိသူများက ရင်ဘတ်ဓာတ်မှန်ရိုက်ကူး ဆောင်ရွက်ပေးခြင်း၊ စုဝေး၍ ကျန်းမာရေးအသိပညာပေးခြင်း၊ ဆယ်မိနစ်စာ ခုံထိုင်လေ့ကျင့်ခန်း ပြုလုပ်ပေးခြင်း၊ သက်ကြီးကျန်းမာရေးစကားဝိုင်းများ၊ အသိပညာ ဖလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



# ပေါက်ခေါင်းမြို့နယ်၌ ငှက်ဖျားရောဂါကူးစက်မှု ပပျောက်ရေး ကွင်းဆင်းဆောင်ရွက်

**ပေါက်ခေါင်း စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ပဇင်ကျယ်ကျေးရွာ၌ ယမန်နေ့နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ငှက်ဖျားရောဂါကူးစက်မှုပပျောက်ရေး၊ ကပ်ရောဂါအသွင်မဖြစ်ပွားစေရေး၊ လူ-လူချင်းခြင်ကိုက်ရာမှတစ်ဆင့် ကူးစက်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပေါက်ခေါင်းမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မျိုးမြတ် ဦးဆောင်၍ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနနှင့် ဓမ္မသော်ကျေးလက်ကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများက ပဇင်ကျယ်ကျေးရွာတွင် ငှက်ဖျားရောဂါကူးစက်မှုပပျောက်ရေး၊ ကပ်ရောဂါအသွင်မဖြစ်စေရေး၊ လူ-လူချင်းခြင်ကိုက်ရာမှတစ်ဆင့် ကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ငှက်ဖျားသွေးဖောက်စစ်ဆေးပေးခြင်း၊ ထိရောက်သောကုသမှုပေးခြင်း၊ တာရှည်ခံဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**




# ရမည်းသင်းမြို့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းမှ စုပေါင်းသွေးလှူဒါန်း

**ရမည်းသင်း စက်တင်ဘာ ၁၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ရဲမှူးကြီး ဥက္ကာကို ဦးဆောင်၍ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း ကွပ်ကဲမှုအောက်ရှိ ရတဖ(၁၈)တွင် ဖွင့်လှစ်သည့် ရဲတပ်သားသစ်သင်တန်းအမှတ်စဉ် ၂၂၉/၂၅ ဗလတပ်ခွဲမှ သင်တန်းသား ၁၂၀ သည် စက်တင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းနှင့် စက်တင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင် (၁၀၀၀) ၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ ရောဂါဗေဒပါရဂူ ဗိုလ်မှူးမင်းမင်းစိုးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဖြည့်စွက်စာကြက်ဥ၊ ဘီစကွတ်မုန့်၊ နို့မှုန့်နှင့် အားဆေးများအား ပြန်လည်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းဟန်နှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ရမည်းသင်းခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။

ခရိုင်(ပြန်/ဆက်)

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၆ ဦးကို မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။

## လွှဲပြောင်းပေးအပ်

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၃၃ ဦးနှင့် တောင်အာဖရိကနိုင်ငံသားသုံးဦး စုစုပေါင်းပြည်ပနိုင်ငံသား ၃၆ ဦးကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးသည်။




ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံသံရုံးမှ First Secretary Mr.Hendrik Albertus Fourie နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၈၅ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၀ ကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မိတ္ထီလာမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၁၁

မိတ္ထီလာမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



## ရှင်းလင်းပြောကြား

ဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကို ကျင်းပရာ မိတ္ထီလာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့မှ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၂၁ ဦးက ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား စက်တင်ဘာ ၁၆ ရက်တွင် အထက(၁)၌ ကျင်းပမည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

# လှည်းကူးမြို့နယ်၌ နေရပ်စွန့်ခွာပြည်သူများအား စားသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

လှည်းကူး စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းသို့ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာလာသူများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသုံးကုန်ပစ္စည်းများ (တစ်ပတ်စာ) ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အဖွင့်အမှာစကားပြောကြားပြီး စားသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးရသည့် အကြောင်းရင်းကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ နေရပ်စွန့်ခွာလာသူ ၉၉၄ ဦးတို့ အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ စားသုံးကုန်ပစ္စည်းများ(တစ်ပတ်စာ)ကို တာဝန်ရှိသူများက ကာယကံရှင်များထံသို့အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အေးအေးနွဲ့(လှည်းကူး)



# ပုသိမ်မြို့၌ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းဖွင့်ပွဲ ကျင်းပ

ပုသိမ် စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကို နှစ်ရက်တိတိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဖျာပုံမြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

ဖျာပုံ စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးနှင့်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးစစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဖျာပုံမြို့အမှတ်(၁၈) ရပ်ကွက်ရှိ လူနေအိမ်များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဖျာပုံခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး၏ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းဆိုင်ရာ အကြောင်းအရာများ အသိပညာပေးဟောပြောပြီး မီးဘေးလုံခြုံမှုရှိစေရေးအတွက် ရေလုံလောက်စွာရရှိနိုင်ရေး၊ မီးသတ်ဆေးဘူးများထားရှိရေး၊ လောင်စာဆီများနှင့် အမှိုက်များ ကင်းစင်ရေး မှာကြားအကြံပြုကာ လျှပ်စစ်မီးသွယ်တန်းမှုစနစ်တကျ ရှိ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်





# အလုံမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမအသင်းစုရုံးခန်း၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌဦးအုန်းသွင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာသိမ်းက ဧည့်သည်တော်အဖြစ် တက်ရောက်၍ သမဝါယမလုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြီး အသင်းအမှုဆောင်အဖွဲ့က အသင်း၏ လုပ်ငန်းအခြေအနေများကို ချပြကာ အသင်းသားများအား အစုအပေါ်အမြတ်ငွေများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဖခင်အမည်မှန်

ရမည်းသင်း မြို့နယ်၊ သီးကုန်း ကျေးရွာ၊ အ.ထ.က၊ မြို့လှကျောင်း၊ G-10 တွင် တက်ရောက်နေသော မသဲငုံဖူး ၏ ဖခင်အမည်မှန်မှာ ဦးဇော် ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်း မြို့နယ်၊ သီးကုန်းကျေးရွာနေ (ဖခင်) ဦးအောင်တင်မိုး၏ သားဖြစ်သူ မောင်စွမ်းထက်ကျော် ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၇-၁၁-၂၀၀၉ )ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မ(အရှေ့)ရပ်ကွက်၊ ဦးဝိစာရလမ်းနှင့် အလုံလမ်းထောင့်၊ အမှတ်(၃၉၀)၊ Grand Golden View Tower(I)၊ (Level-8)၊ အခန်းအမှတ်(8-A2)၊ ဧရိယာ(1917)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ဝင်း [၁၂/လသန(နိုင်)၀၁၀၉၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,D.B.L,D.I.L,D.M.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph:09-450023651,09-793568375**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နိဗ္ဗိန္ဒလမ်း(လမ်းသစ်)၊ အမှတ် (၅၅၇)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၂၀ ပေxအနံ ၈၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးမင်းသိုက် [၁၂/အစန(နိုင်) ၁၃၉၄၂၃]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးစရန်ငွေအချို့ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းဇော်မြင့် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝဏ္ဏစည်သူမိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၅၈)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၄၄၂၀၁၇၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၈)၊ မြေကွက်အမှတ်(၈၄၈)၊ မြေကွက်တည်နေရာအမှတ်(၈၄၈)၊ (၁၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးလှဝေ [၆/ထဝန(နိုင်)၀၀၉၃၆၄] N/OKA-၀၁၄၆၅၉ ပါမစ်မြေအား အမည်ပေါက် ဦးလှဝေ ကိုယ်တိုင်မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာ၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူမှ ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိပါကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဦးလှဝေမှ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/က)၊ မြေကွက်အမှတ်(၃၅/က)၊ ဧရိယာ(၀.၀၃၇)ဧက၊ (၁၆၂၀) စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၃၅/က)၊ သီရိမာလာလမ်း၊ (၁၉/က) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ဝင်းကြည် [၁၂/ဥကတ (နိုင်) ၀၁၀၄၃၆] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးမင်းခန့်ကိုကို [၉/မကန(နိုင်)၁၅၂၉၁၈] နှင့် ဒေါ်သူအိန္ဒြေမွန် [၉/မကန(နိုင်)၁၄၆၄၇၀]တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းမူရင်း များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကိုကိုဇော်** | **ဒေါ်နှင်းဇာခြည်မြင့်** |
| **LL.B., W.I.P.O (Switzerland)** | **LL.B, D.B.L, D.M.L, D.I.L, D.I.P.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၇၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၂၄၁)** |

**အမှတ်- ၈၃/၇၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၅၀၉၃၉၇၀၊ ၀၉- ၅၄၀၉၉၀၇၊**
**၀၉-၄၄၃၁၀၅၅၈၃၊ ၀၉-၂၅၄၅၄၆၃၆၅**

## အိမ်၊ ခြံ၊ မြေ အမြန်ရောင်းမည်

(အသင့်အတင့်ခြံနှင့် ဝင်းနှင့် နေထိုင်လိုသူများအတွက် အလွန်ကောင်း)

မြောက်ဒဂုံမြို့နယ်၊ ဒဂုံအရှေ့(၇)ရပ်ကွက်၊ ဗိုလ်ခန့်လမ်းမကြီး၊ ဘရိန်းနိုကေနစ်ထပ်တိုက် (လူနေရန် အဆင်သင့်) ပေ ၂၀xပေ ၆၀ ကွန်ကရစ်လမ်း၊ ဂရန်အမည်ပေါက် အထူးသက်သာသော ဈေးနှုန်းဖြင့် ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်။

**ဆက်သွယ်ရန် - ၀၉-၅၀၀၀၆၇၃၊ ၀၉-၉၇၁၈၉၆၀၃၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅)ရပ်ကွက်၊ ရတနာ(၂)လမ်း၊ အမှတ်(၁၀၁၄/က)၊ မြေအကျယ်အဝန်း (အလျား ၂၀xအနံ၆၀) ပေရှိ(ပါမစ်မူရင်း)မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးလှကြည် (N-OKA- ၉၀၃၈၈၅)အမည်ဖြင့် မှတ်သားထားပြီး၊ ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော ဒေါ်မေသဇင်ဝင်း [၁၂/အလန(နိုင်)၀၄၁၉၂၈]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စွာမိုးမြတ်[၁၂/ဥကတ(နိုင်)၁၄၆၃၀၉]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ် ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခု ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)(၉-၂-၂၀၂၂)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်**
**(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ ငုဝါမြိုင်လမ်း၊ မြေကွက်အမှတ်(၁၆၃)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်ဝါဝါသန်းစိန်[၁၂/မဂဒ(နိုင်)၀၀၁၁၈၃]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးအေးငြိမ်း [၁၂/ဒဂရ(နိုင်)၀၀၇၂၂၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- သကမ (၃)၊ အနော်ရထာလမ်း၊

(၁) မြေကွက်အမှတ် - ၁၁၉၊ ဧရိယာ (၀.၀၅၅) ဧက၊

(၂) မြေကွက်အမှတ် - ၃၂၀၊ ဧရိယာ (၀.၀၅၅) ဧက၊

ရှိ ဦးဟန်ထွန်းအမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်ထားသည့် ယခုရောင်းချသူ ဦးဟန်ထွန်း [၈/နမန (နိုင်)၀၉၂၀၄၀] မှ မိမိတစ်ဦးတည်းအမည်ပေါက် ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက် ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဥမ္မာဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)**
**ဖုန်း - ၀၉-၂၅၀၅၁၆၉၈၀**

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၇ အေ-၁၊ မြေကွက်အမှတ်-၇ ဘီ၊ ဧရိယာ (၀.၁၆၈)ဧကရှိ နှစ်(၉၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့်တကွ ၎င်းပေါ်ရှိ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ရှမ်းရိပ်သာလမ်း၊ အမှတ်-၂၆ ဘီ ဟုခေါ်တွင်သော နှစ်ထပ် နေအိမ်နှင့် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံခန့်ခွဲမှုဌာနတွင် ဦးမောင်မောင်တောက် (ခ) ဦးအောင်ဝင်း [၁၂/ဗတထ(နိုင်)၀၂၃၄၅၀] အမည်ပေါက်ပိုင်ဆိုင်ပြီး သားအရင်းဖြစ်သူ ဦးအောင်မျိုးနိုင် [၁၂/စခန(နိုင်) ၀၆၁၂၀၆] အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများ ဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့် ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၈၈၁)**
**အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၀၈၃၅၀၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်ပေါက်ကျေးရွာ၊ တွံတေး-ဒလကားလမ်းမ၊ မြေကွက်အမှတ်-၃/၇၅၊ အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ လယ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်တင် [၁၂/တတန(နိုင်)၀၆၈၃၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှသူဇာသိန်း [၁၂/ကမရ(နိုင်) ၀၁၄၆၈၄] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လှသူဇာသိန်း၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဲစုထွေး (LLB, D.B.L. D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၁၇၃)**
**အမှတ်- ၃၄/၄၉၊ အခန်း (၁၄)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (အောက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၂၅၁၀၂၀၄၁၅၊ ၀၉- ၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ နှင်းပန်းလမ်း၊ မြေကွက်အမှတ်(၉၉) မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဂရန်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော(၂၅x၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးပါဝင်သော နေအိမ်အား မြေအမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မြင့်[၁၂/ဗဟန(နိုင်)၀၂၇၇၀၈]မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယာစမင်း [၁၂/ဒဂမ(နိုင်)၀၄၉၆၄၈]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍( ၇ )ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉- ၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ ရွှေနံ့သာလမ်း၊ မြေကွက်အမှတ်(၅၃၁) မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးပါဝင်သော နေအိမ်အား မြေအမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်မောင်မြင့်[၁၂/သဃက(နိုင်)၁၁၀၃၃၃]မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ချို [၁၂/သဃက(နိုင်)၀၂၀၃၆၇]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာ ထုတ်သည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉- ၇၇၆၅၅၁၁၆၉**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/၁)၊ ထွန်းရွှေဝါ(၂)လမ်းသွယ်၊ မြေကွက်အမှတ်(၃၀၅)ဟုခေါ်တွင်သော အလျားxအနံ(၄၀x၆၀)ပေ မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဒေါ်နုနုရီ** အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး၊ထိုမြေကွက်ကြီးအနက်မှ အလျားxအနံ (၁၀x၆၀)ပေ ပါမစ်မူရင်းမြေကွက်အပါအဝင် မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကိုအမည်ပေါက်ပိုင်ရှင်ထံမှ နှစ်ဦးသဘောတူ အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ **ဒေါ်ခင်သီတာစိုး(၁၂/အလန(နိုင်)၀၃၈၁၈၂)**မှ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြု လျက်အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်စုစုမော်(၁၂/ဥကမ(နိုင်)၂၄၆၅၈၇)**မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါကဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုစာရွက်စာတမ်း၊မူရင်း အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ **"နှစ်ဦးသဘောတူမြေကွက်အပြီးအပိုင် အရောင်းအဝယ်"**ကို ဥပဒေနှင့်အညီပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စုစုမော်၏လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ဝင့်ဝင့်ထွန်း** (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၆၉)

အမှတ်(၁၂/၁၈၉)၊ အောင်ကျက်သရေလမ်း၊ ရွှေပေါက်ကံမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်။ ၀၉-၂၆၁၁၀၁၁၃၄

## ရန်ကုန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၃ ရပ်ကွက်၊ဖိုးရာဇာ(၃)လမ်း၊ အမှတ် -၁၆၀၈ဟု ခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၁၆၀၈၊ အကျယ်(၄၀x၆၀)ပေအနက် တရားဝင်မခွဲစိတ်ရသေးသောမြေကွက်၏ (ခေါင်းရင်း) အကျယ် (၂၀x၆၀)ပေ၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးကျော်အေး [၁၂/ဒဂန(နိုင်)၀၀၄၈၅၆]ကွယ်လွန်သဖြင့် တရားဝင် အမွေဆက်ခံခွင့်ရှိသူဇနီး ဒေါ်နီနီမြင့် [၁၂/ဒဂန (နိုင်)၀၀၄၈၅၄]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်သန်းသန်းထွေး [၁၂/ဒဂန (နိုင်)၀၂၄၉၅၈]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်နှစ်ဖက်သဘော တူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L,D.M.L)** | **ဦးကျော်မင်းဦး ( LL.B )** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၈)** | **အထက်တန်းရှေ့နေ ( စဉ် - ၅၀၆၆၉)** |

**အမှတ် -၇၅၁(ပ-ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း- ၀၉- ၈၈၆၆၉၅၉၆၆၊ ဖုန်း- ၀၉- ၄၂၄၁၆၈၉၈၉၊ ၀၉-၂၅၄၄၁၉၈၁၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၅- ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ်-၁၁၉၄ဟု ခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂ )ခန်းတွဲ( ၈ ၁/၂ )ထပ်တိုက်၏ Level -၇၊အခန်းအမှတ်- ဘီ-၇၊ အကျယ်အဝန်း (၁၉'x၅၄')ရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အားဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးမင်းစိုးမိုးကျော် [၁၂/ဥကမ(နိုင်)၂၇၈၈၁၇] မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L,D.M.L)** | **ဦးစိုးလှိုင်ဝင်း ( LL.B )** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၈)** | **အထက်တန်းရှေ့နေ ( စဉ် - ၅၃၆၃၇)** |

**အမှတ် -၇၅၁(ပ-ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း- ၀၉- ၈၈၆၆၉၅၉၆၆၊ ဖုန်း - ၀၉- ၄၂၄၁၆၈၉၈၉၊ ၀၉-၇၉၁၄၄၈၆၅၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၉/ဘီ၊ မြေကွက်အမှတ်–၆၁၅၊ မြေကွက်တည်နေရာအမှတ်–၆၁၅၊ သမာဓိ (၃) လမ်း၊ ၃၉/ဘီ–ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဦးသောင်း (N/RGN– ၀၂၆၁၀၇) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးသောင်း (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဒေါ်လှမြိုင် [၁၂/တမန(နိုင်) ၀၆၇၀၉၇] မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ အခြားဇနီး၊ မယားလုံးဝမရှိကြောင်း၊ မိမိသာ တရားဝင်ဇနီးအဖြစ် ကျန်ရှိကြောင်း၊ အထက်ပါမြေကွက်နှင့်အကျိုးခံစားခွင့်များအား တရားဝင်ဆက်ခံပိုင်ဆိုင်၍ ဥပဒေနှင့်အညီ မိမိလက်ဝယ်တွင် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်/ကတ်တို့တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းရာ နှစ်ထပ်အုတ်ညှပ်တစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ကာ ကွင်းဆင်းဖောင်တွင် ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်လှမြိုင်မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၁၈)နေ ဒေါ်အေး(DLA–၀၁၃၈၀၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

၎င်း၏သမီးဖြစ်သူ ဒေါ်ကြည်(DLA–၀၁၃၈၀၄)သည် မိခင်ကြီး၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင်အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးမျိုးမင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၅၉) (၁၄ – ၃ – ၂၀၁၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊**
**(၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။**
**Ph:09–401573462၊ 09–777171997**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂၊ မြေကွက်အမှတ်–၇၁၉၊ အောင်ပွင့်ဖြိုးလမ်းရှိ ပါမစ်မြေအမျိုးအစားမြေကွက်အကျယ်(အလျား ၄၀' x ၆၀')အနက်မှ မြေကွက်အကျယ် (အလျား ၁၀' x အနံ ၆၀') ရှိ (အလယ်ခြေရင်းဘက်ခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသည့် (၂–ထပ်)တိုက်နေအိမ်တို့ကို မူလပါမစ်အမည်ပေါက်ဖြစ်သူ ဒေါ်ရင်ကြွေ (BQ–001651)ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်မီကိုစန်း [၆/ရဖန(နိုင်)၀၂၁၀၆၄]ထံမှ ကျွန်ုပ်၏အမှုသည်က လွှဲပြောင်းဝယ်ယူရန် သဘောတူညီကြလျက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ယင်းပစ္စည်းအပေါ် အကျိုးသက်ဆိုင်ခွင့်ရှိသူတို့က ခိုင်လုံသောအထောက်အထားများတင်ပြ၍ ကြေညာသည့်ရက်မှအစပြု၍ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်အမှုသည်၏ လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဝတ်ရည်သင်း**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၈၉၉၇)**
**အမှတ်–၂၈၅(က)၊ ဗိုလ်မိုးကြိုးလမ်း၊ (၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၇၈၅၀၂၂၃၇**

